# ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်၊ စနေနေ့၊ (22-9-2007) (၅၄၄၈)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် ကျိုင်းတုံ-လွယ်မွေ ကားလမ်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ကြည့်ရှု လွယ်မွေဒေသ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်၍ မှာကြားပြည့်ဆည်းဆောင်ရွက်ပေး

နေပြည်တော်　　စက်တင်ဘာ　　၂၁

**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၃ရက် နံနက်ပိုင်းတွင် ကျိုင်းတုံ-လွယ်မွေကားလမ်းအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လမ်းပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအပေါ် တိုင်းမှူးက လိုအပ်သည်များမှာကြားသည်။**

**မှာကြား**

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း လွယ်မွေပန်းသီးခြံသို့ ရောက်ရှိပြီး လက်ဖက်ပျိုးခြံတွင်ပျိုးပင် ၂၄၀၀ ပျိုးထောင်ထားရှိမှုနှင့် ပန်းသီး၊ ပန်းသစ်တော်၊ လက်ဖက်နှင့် နှစ်ရှည်စားပင်များ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံနှင့် အဝေးပြောတယ်လီဖုန်း ဆက်သွယ်ရေးစက်ခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စက်များရေရှည်အသုံးပြုနိုင်ရေးအတွက် လိုအပ်သော စက်ပိုင်းဆိုင်ရာကြံ့ခိုင်မှုများ အမြဲမပြတ်ဂရုပြုဆောင်ရွက်သွားရေး မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် လွယ်မွေဒေသရှိ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်နှင့် စတုရဋ္ဌသုမင်္ဂလကျောင်းတိုက်များသို့ သွားရောက်ဖူးမြော်၍ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်အိတ်များ ဆက်ကပ်လှူဒါန်းခဲ့ပြီး စတုရဋ္ဌသုမင်္ဂလစေတီတော်အား ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် တိုင်းမှူးသည် လွယ်မွေနယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်းရှိ သင်တန်းသားအိပ်ဆောင်များနှင့် စားရိပ်သာများအား သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ သင်တန်းသားများအတွက် ထောက်ပံ့ငွေများအား သင်တန်းကျောင်း တာဝန်ခံသို့ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးသည် နယ်မြေခံတပ်ရင်း၏ နှစ်ရှည်ပင် လက်ဖက် ၁၀ ဧက စိုက်ပျိုးထားရှိမှုနှင့် ပြည်နယ်သစ်တောဦးစီးဌာန ယာယီပျိုးဥယျာဉ်၌ သစ်ပင်ပျိုးပင်များ စုဆောင်းပျိုးထောင်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ယင်းနောက် စက်တင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) လွယ်မွေဒေသ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေးကို ကျိုင်းတုံမြို့ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ လွယ်မွေဒေသ ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

# မှန်ကန်မွန်မြတ်သော စေတနာဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အကောင်အထည်ဖော်ခြင်းဖြစ်



နိုင်ငံတော်အကြီးအကဲသည် ကျေးလက်နေ ပြည်သူများ၏ဘဝကို စာနာထောက်ထားပြီး လူနေမှုဘဝကို မြှင့်တင်ပေးနိုင်ရန် မှန်ကန်မွန်မြတ်သော စေတနာဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅)ရပ်ကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်စေခြင်းပင်ဖြစ်သည်။

အောင်စည်၏ **"ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝကို တိုးတက်ပြောင်းလဲစေသည့် ကျေးလက်လမ်းများ"**

(ဆောင်းပါး) စာမျက်နှာ-၆၊၇

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၂၂–၉–၂၀၀၇
(စနေနေ့)

# မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပြည်သူပူးပေါင်းမှုဖြင့် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်

ကမ္ဘာပေါ်တွင် မူးယစ်ဆေးဝါးများ သုံးစွဲခြင်းကြောင့် ပြဿနာများစွာ ပေါ်ပေါက်လျက်ရှိသည်။ မူးယစ်ဆေးဝါးသုံးစွဲသူနှင့် နီးနွယ်ဆက်စပ်လျက်ရှိသော လူမှုပတ်ဝန်းကျင်တွင်ပါ လူမှုရေးဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်စေသည်။

ထို့ကြောင့်ပင် နိုင်ငံတိုင်း၊ ဒေသတိုင်းက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးတိုက်ဖျက်ရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်နေကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ၁၉၉၉ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်လျက်ရှိရာ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်မှုများရရှိနေသည်။ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း၊ တရားခံများအား တရားစွဲဆိုပြစ်ဒဏ်ချမှတ်ခြင်း လုပ်ငန်းများကို ထိထိရောက်ရောက် လုပ်ဆောင်နေသည်။ ယခုနှစ် ဩဂုတ်လအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့၏ ကြိုးပမ်းမှုဖြင့် မူးယစ်ဆေးဝါးအမှုပေါင်း ၁၆၇ မှုကို ဖမ်းဆီးနိုင်ခဲ့ပြီး တရားခံများအား ဥပဒေအရ အရေးယူခဲ့ကြောင်း သိရသည်။

ယခင်ကာလများက ဘိန်းစိုက်ပျိုးလေ့ရှိခဲ့သည့် ဒေသများတွင် ပန်းတိုင်သစ်စီမံကိန်း၏ အကျိုးရလဒ်အဖြစ် တောင်သူများက ဘိန်းအစားထိုး သီးနှံများကို စိုက်ပျိုးနေကြသည်။ ရော်ဘာ၊ ပျားလိမ္မော်၊ ကြံ၊ နေကြာနှင့် အစေ့ထုတ်ပြောင်း စိုက်ခင်းကြီးများ အောင်မြင်လျက်ရှိသည်။ စိတ်ကြွရူးသွပ်ဆေးပြားများ အပါအဝင် မူးယစ်ဆေးဝါး ထုတ်လုပ် သယ်ဆောင်ရောင်းဝယ်မှုများ စုံစမ်းဖော်ထုတ်ရေးလုပ်ငန်းများတွင် ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုနှင့်အတူ အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းတိုက်ဖျက်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်မှု ရရှိလာမည် ဖြစ်ပါသည်။ ။



## ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်

**မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်ဆဲဖြစ်သော အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်သစ်အတွက် ရန်ကုန်မြို့ နဝဒေး ဥယျာဉ်အိမ်ရာနေ ဦးသိန်းမောင်–ဒေါ်ခင်မြင့် မိသားစုက ကျောင်းအလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဥက္ကဋ္ဌ အရှင်ရာဇိန္ဒ (နာလန္ဒာ)က ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်စဉ်။** (က–ပ)

**ပြည်သူ့သဘောထား**

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ရေး မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ကွင်းဆင်းကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၁

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ယုဇနပလာဇာရှေ့ ဗညားဒလလမ်းသို့ရောက်ရှိပြီး ဗညားဒလလမ်း ဝဲ၊ ယာနှင့် ဆက်စပ်လမ်းများရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် အရှည် ၈၅ ပေ၊ အကျယ် ၆ ပေနှင့် ၅ ပေခွဲရှိ ဗညားဒလလမ်းဖြတ် မြေအောက်ရေနုတ်မြောင်း တည်ဆောက်မှုလုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား စံချိန်စံညွှန်းပြည့်မီစွာ စနစ်တကျလုပ်ဆောင်ရေး၊ လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းမှု ရှိစေရေးမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**





**မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းမင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်း ဝဲ၊ယာရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ဗညားဒလလမ်းဖြတ် မြေအောက်ရေနုတ်မြောင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**(မြို့တော်စည်ပင်)

ဆက်လက်၍ မြို့တော်ဝန်သည် တာမွေမြို့နယ်ရှိ ဗညားဒလလမ်းနှင့် ကျိုက္ကဆံလမ်းဆုံ၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်စေရေးအတွက် ဆိုလာစနစ်သုံး အချက်ပြမီးပွိုင့် တပ်ဆင်အသုံးပြု ဆောင်ရွက်ထားရှိမှုနှင့် ယာဉ်များ အန္တရာယ် ကင်းရှင်းစွာသွားလာနေမှုကိုလည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းနှင့် ဝေဇယန္တာလမ်းဆုံအနီးလမ်း ဝဲ၊ ယာရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အရှည် ၃၅ ပေ၊အကျယ် ငါးပေနှင့်အနက်ငါးပေရှိ မွှေးကော်အိတ်လုပ်ငန်း နံဘေးလမ်းသွယ် မြေအောက်ရေနုတ်မြောင်း တည်ဆောက်နေမှုနှင့် လေးထောင့်ကန်လမ်းနှင့် ဝေဇယန္တာလမ်းဆုံ၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေးတို့အတွက် ဆိုလာစနစ်သုံး အချက်ပြ မီးပွိုင့်တပ်ဆင် အသုံးပြုဆောင်ရွက်ထားရှိမှု၊ ယာဉ်များ အန္တရာယ် ကင်းရှင်းစွာသွားလာနေမှုတို့ကိုလည်းကောင်း၊ မရမ်းကုန်းမြို့နယ်ရှိ ပါရမီလမ်းနှင့် ကမ္ဘာအေးစေတီလမ်းဆုံ၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေးတို့အတွက် ဆိုလာစနစ်သုံးအချက်ပြ မီးပွိုင့်တပ်ဆင် အသုံးပြု ဆောင်ရွက်ထားရှိမှုနှင့် ယာဉ်များအန္တရာယ် ကင်းရှင်းစွာ သွားလာနေမှုကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ဆိုလာစနစ်သုံးအချက်ပြ မီးပွိုင့်များသည် ၂၄ နာရီပတ်လုံး အချက်ပြ ဆောင်ရွက်ပေးနိုင်ပြီး ယခုအခါ ရန်ကုန်မြို့ရှိ အချက်အချာကျသော လမ်းဆုံ ၂၇ နေရာတွင် တပ်ဆင်ဆောင်ရွက်ထားရှိပြီးဖြစ်ပြီး ကျန်ရှိသော လမ်းဆုံများ၌ ဆက်လက်တပ်ဆင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် မြို့တော်ဝန်သည် မရမ်းကုန်းမြို့နယ် ပါရမီလမ်းနှင့် ပြည်လမ်းဆုံသို့သွားရောက်ပြီး အင်းလျားကန်အတွင်းသို့ ရေနုတ်မြောင်းများမှ စီးဝင်သည့် ရေများသန့်စင်မှုရှိစေရန် ဆောင်ရွက်ထားရှိသည့် အနည်ထိုင်ကန်မှ အမှိုက်သရိုက်များ၊ နုန်းများနှင့် သဲများ ဆယ်ယူရှင်းလင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် မိတ်ဖက် အမျိုးသားကြက်ခြေနီအသင်းများ၏ ကျန်းမာရေးနှီးနှောဖလှယ်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၁

**မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် မိတ်ဖက် အမျိုးသားကြက်ခြေနီအသင်းများ၏ ကျန်းမာရေး နီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Dusit Inya Lake Resort ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း(IFRC)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီ (ICRC)၊ သက်ဆိုင်ရာနိုင်ငံများမှ အမျိုးသားကြက်ခြေနီအသင်းများ(DRC, SRC)၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၊ Burnet Institute နှင့် UNFPA တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ သာလှရွှေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ အသင်းများ ဖက်ဒရေးရှင်း (IFRC)မြန်မာအဖွဲ့ရုံးမှ Ms. Bridget Gardner က ကျန်းမာရေး နီးနှောဖလှယ်ပွဲ ပိုမိုထိရောက်အောင်မြင်ရေးအတွက် တက်ရောက်လာကြသူများအနေဖြင့် ရင်းနှီးပွင့်လင်းစွာ တင်ပြဆွေးနွေးကြရန် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော ကိုယ်စားလှယ်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ကျန်းမာရေးနီးနှောဖလှယ်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ပူးပေါင်းညှိနှိုင်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ယူနစ်မှ ဒေါက်တာထွန်းအောင်ရွှေက မြန်မာနိုင်ငံ ကြက်ခြေနီ အသင်း၏ ၂၀၀၇–၂၀၁၀ခုနှစ်မဟာဗျူဟာစီမံချက် အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ကျန်းမာရေးဌာန ဌာနမှူး ဒေါက်တာ စောနီထွန်းက စီမံချက်အစီအစဉ် အတွေ့အကြုံများနှင့် စပ်လျဉ်း၍လည်း ကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များက ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

အဆိုပါ နီးနှောဖလှယ်ပွဲတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကျန်းမာရေးဌာနခွဲက ဆောင်ရွက်လျက်ရှိသော ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် HIV, AIDS နှင့် ငှက်ဖျားရောဂါ ကြိုတင်ကာကွယ်ရေး၊ ရေကောင်းရေသန့်ရရှိအသုံးပြုနိုင်ရေး၊ မျိုးဆက်ပွားကျန်းမာရေး၊ တီဘီရောဂါကာကွယ်တိုက်ဖျက်ရေးနှင့် ပြုစုစောင့်ရှောက်မှု လုပ်ငန်းတို့ကို ပြည်နယ်နှင့် တိုင်းအတွင်းရှိ မြို့နယ်အသီးသီးမှ ကြက်ခြေနီ အသင်းခွဲများနှင့်အတူ ပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

အဆိုပါ နီးနှောဖလှယ်ပွဲကို စက်တင်ဘာ ၂၁ ရက်အထိ ကျင်းပခဲ့သည်။

(သတင်းစဉ်)

# ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ရေဆင်းစိုက်ပျိုးရေးသုတေသန ကြည့်ရှုစစ်ဆေး မျိုးကောင်း မျိုးသစ်များ ထပ်မံရရှိရေး တိုးမြှင့်ဆောင်ရွက်ရန် မှာကြား

နေပြည်တော် စက်တင်ဘာ ၂၁

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ပျဉ်းမနား ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန မျိုးစေ့ဘဏ်သို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတိုးအောင်က စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၌ ဆန်စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ စက်မှုသီးနှံ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက် အပါအဝင် သီးနှံဌာနခွဲ သုံးခု၊ ဌာနစု ခြောက်ခုတို့မှ သီးနှံ အမျိုးအစားအလိုက် မျိုး၊ စိုက်နည်းစနစ် သုတေသနပြုမှု လုပ်ငန်းများကို လည်းကောင်း၊ အထွက်ကောင်းပြီး အရည်အသွေးကောင်းသည့် စပါးမျိုး ငါးမျိုး၊ စပ်မျိုး အစေ့ထုတ်ပြောင်း ခြောက်မျိုး၊ မြေပဲမျိုး ငါးမျိုး၊ နှမ်းမျိုး သုံးမျိုး၊ အထွက်ကောင်းမျိုးခံနိုင်သည့် နေကြာမျိုး လေးမျိုးနှင့် စပ်မျိုးနေကြာ နှစ်မျိုး၊ ပဲတီစိမ်းမျိုး ကိုးမျိုး၊ မတ်ပဲ ငါးမျိုး၊ ကုလားပဲ ခြောက်မျိုး၊ ပဲပုပ် ငါးမျိုး၊ ပဲစင်းငုံ လေးမျိုး၊ ကြံမျိုး သုံးမျိုး၊ ခြံစည်းရိုးကြက်ဆူပင်ကို ဒေသမျိုးကွဲ ၈၀ စုဆောင်းရယူပြီး သီးနှံများ၏ အရည်အချင်း လက္ခဏာများနှင့် ရှင်းလင်းတင်ပြသည်။**

ထို့နောက်ဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံ၍ အခြားသောစီးပွားရေးလုပ်ငန်းများကို ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် စီးပွားရေးဦးတည်ချက်တွင် ပထမအချက်အဖြစ် ချမှတ်ဆောင်ရွက် လျက်ရှိကြောင်း၊ ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားရေးတိုးတက် မြင့်မားလာစေရေးအတွက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် လမ်းညွှန်ကြပ်မတ် လျက်ရှိနေကြောင်း၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအတွက် မျိုးကောင်း မျိုးသန့်များ ရရှိရေးမှာလည်း အရေးပါကြောင်း၊ စိုက်ပျိုးရေး သုတေသနဌာန အနေနှင့်လည်း တောင်သူများ အကျိုးအတွက် စပါး၊ ပဲ၊ ဆီထွက်သီးနှံများ၊ ပြောင်း၊ ကြံမျိုးကောင်းမျိုးသန့်များအား သုတေသနပြု၍ အောင်မြင်စွာထုတ်လုပ် ပေးလျက်ရှိကြောင်း၊ တောင်သူများကိုယ်တိုင် လက်ခံသည့် စပါးမျိုးများ၊ မြေပဲမျိုးများ၊ ဆီထွက်သီနှံဖြစ်သည့်နှမ်း၊ နေကြာမျိုးများ၊ ပြောင်း၊ ကြံမျိုးများ အောင်မြင်စွာ သုတေသနပြုဖော်ထုတ် ဖြန့်ဖြူးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ရေနစ်ခံ စပါးမျိုးများကိုလည်း ထပ်မံတွေ့ရှိစမ်းသပ်နေမှုကိုလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း၊ တောင်သူများ အကျိုးရှိစေမည့် မျိုးကောင်းမျိုးသစ်များ ထပ်မံရရှိရေးအတွက် တိုးမြှင့်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဆန်စပါးသီးနှံသုတေသန၊ စပ်မျိုးစပါး သုတေသန၊ ပြောင်းဖူးနှင့် အခြား နှံစားသီးနှံသုတေသန၊ ဆီထွက်သီးနှံသုတေသန၊ စပ်မျိုး နေကြာ သုတေသန၊ ပဲမျိုးစုံသီးနှံသုတေသန၊ စက်မှုကုန်ကြမ်းသီးနှံ သုတေသန၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံသုတေသန၊ အပင်ရောဂါ ကာကွယ်ရေး သုတေသနနှင့် ဇီဝနည်းပညာသုတေသန ပြကွက်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် သုတေသနစိုက်ကွင်းရှိ အထွက်ကောင်း၊ အရည်အသွေးကောင်း သက်လျင်စပါးမျိုး စုစုပေါင်း ၁၀ မျိုး သုတေသနစိုက်ခင်း ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## သုတေသနစိုက်ခင်း ကြည့်ရှုစစ်ဆေး

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး နေပြည်တော်ပျဉ်းမနား ရေဆင်းစိုက်ပျိုးရေး သုတေသနစိုက်ကွင်းရှိ အထွက်ကောင်း၊ အရည်အသွေးကောင်း သက်လျင်စပါးမျိုး သုတေသန စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။** (လယ်/ဆည်)



**မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ထူး သီးနှံဆိုင်ရာသတင်းအချက်အလက်နှင့် ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၇) သင်တန်းဆင်းပွဲတွင် အမှာစကား ပြောကြားစဉ်။** (လယ်ယာ)

## သီးနှံဆိုင်ရာ သတင်းအချက်အလက်နှင့် ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၁

**သီးနှံဆိုင်ရာ သတင်းအချက်အလက်နှင့် ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်း အမှတ်စဉ် (၁/၂၀၀၇) သင်တန်းဆင်းပွဲကို စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီတွင် ရိတ်သိမ်းချိန်လွန် နည်းပညာအသုံးချဌာန (လှည်းကူး)၌ ကျင်းပရာ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ထူး တက်ရောက်၍ အမှာစကားပြောကြားသည်။**

အဆိုပါသင်တန်းဆင်းပွဲသို့ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးအောက်ရှိ ပြည်နယ်/တိုင်း အသီးသီးမှ ဝန်ထမ်း ၄၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်ခဲ့သည်။

သင်တန်းတွင် သီးနှံအလိုက် သတင်းအချက်အလက်များ၊ ထွက်ရှိသော သီးနှံများ ဈေးအန္တရာယ် ကင်းရေးအတွက် သိသင့်သိထိုက်သော ပိုးသတ်ဆေး ကြွင်းကျန်ရှိမှု၊ မှိုဆိပ်ကျရောက်မှုများ၊ ရိတ်သိမ်းခူးဆွတ်ပြီးနောက် အရည်အသွေး မကျဆင်းစေရန် လိုအပ်သော ကိုင်တွယ်ထိန်းသိမ်းမှုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများ၊ သီးနှံအလိုက် ဈေးကွက်အလားအလာများ၊ တန်ဖိုးမြှင့်ကုန်ထုတ်လုပ်ရေးတို့အပြင် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်မှုနှင့် ပတ်သက်၍ မြန်မာ့စိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း၊ ပဲ၊ နှမ်း ကုန်သည်များအသင်း၊ ဆန်စပါး ကုန်သည်များအသင်း စသည်တို့မှ လုပ်ငန်းအတွေ့အကြုံ ရှိသူများက သင်တန်းတွင် လာရောက်ပို့ချသင်ကြား ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မင်္ဂလာဈေးဓမ္မာရုံ အထူးတရားပွဲ

**ရန်ကုန် စက်တင်ဘာ ၂၁**

အင်းစိန်မြို့နယ် အောင်ဆန်းမြို့တောရတပ်ဦးကျောင်းတိုက် ပြည်တွင်းပြည်ပ သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အရှင်မြတ်သည် စက်တင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ သုံးရက်တိုင်တိုင် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီး ကြေးသွန်းဘုရားကြီးရှေ့ ကြားတောရလမ်း မင်္ဂလာဈေး ဓမ္မာရုံ၌ ခန္ဓာဉာဏ်ရောက် ဝိပဿနာ အထူးတရားပွဲကို ညစဉ် ၇ နာရီမှ စတင်၍ ဟောကြားတော်မူမည် ဖြစ်ကြောင်း သိရသည်။ (က-ပ)






## ထားဝယ်ခရိုင် ပြန်/ဆက် ဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၁**

တနင်္သာရီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးတင်ထွန်းသည် ဩဂုတ် ၂၅ ရက်က ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ ဦးစီးအရာရှိ ဦးထွန်းရှိန်၊ မြို့နယ်ဦးစီးမှူးများ၊ ခရိုင်ရုံး ဝန်ထမ်းများနှင့် တွေ့ဆုံပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပသည်။

### မှာကြားဖြည့်ဆည်းပေး

ရှေးဦးစွာ မြို့နယ်ဦးစီးမှူးများက မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြပြီး ခရိုင်ဦးစီးအရာရှိ ဦးထွန်းရှိန်က ဖြည့်စွက်တင်ပြသည်။ ထို့နောက် တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်း(**ဝဲပုံ**)က လုပ်ငန်းဆောင်ရွက်ချက်များအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့သည်။ (ခရိုင်ပြန်/ဆက်)

## တစ်ခါတုန်းက စစ်တက္ကသိုလ် အတွဲ ၁၊ ၂၊ ၃၊ ၄ ပေါင်းချုပ် ထုတ်ဝေ

**ရန်ကုန် စက်တင်ဘာ ၂၁**

စာရေးဆရာ တက္ကသိုလ်မောင်သန့်ဇင်၏ **“တစ်ခါတုန်းကစစ်တက္ကသိုလ်”** မှတ်တမ်း ဝတ္ထုရှည်များကို အတွဲ ၁၊ ၂၊ ၃၊ ၄ ဟူ၍ လေးအုပ်ခွဲပြီး ထုတ်ဝေခဲ့သည်။ ၎င်းဝတ္ထုတွဲများကို ထပ်မံထုတ်ဝေမှုများရှိခဲ့သော်လည်း အတွဲစုံစွာ မရရှိခဲ့၍ စာချစ်သူများ၏ တောင်းဆိုမှုများရှိခဲ့ခြင်းကြောင့် အတွဲ ၁၊ ၂၊ ၃၊ ၄ ပေါင်းချုပ်ကို မြတ်နိုးအိမ်စာပေ အမှတ်(၁၂၇) ၄၆လမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း-၂၉၄၅၉၃က ထုတ်ဝေလိုက်သည်။

အဆိုပါ ပေါင်းချုပ်စာအုပ်ကို စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် ရန်မျိုးအောင်စာပေ အမှတ် ၂၁၉(ခ) ဒုတိယထပ် ၃၆လမ်း ကျောက်တံတားမြို့နယ်တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



# သီရိလင်္ကာ ပြည်ပပို့ကုန် ဇူလိုင်လတွင် မြင့်တက်

**ကိုလံဘို စက်တင်ဘာ ၂၀**

သီရိလင်္ကာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးသည် ၂၀၀၆ ခုနှစ် ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၅၁၆ သန်းရှိခဲ့ရာမှ ယခုနှစ် ဇူလိုင်လတွင် ဒေါ်လာသန်း ၆၉၀အထိရှိခဲ့ပြီး ၃၃ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ဗဟိုဘဏ်က အင်္ဂါနေ့တွင် ပြောကြားသည်။

သီရိလင်္ကာနိုင်ငံတွင် ထုတ်လုပ်သည့် အဝတ်အစား ဝယ်လိုအားကောင်းမှုကြောင့် ၂၀၀၇ ခုနှစ် ဇူလိုင်လတွင် ကုန်သွယ်မှုပမာဏ မြင့်တက်ခဲ့ရခြင်းဖြစ်သည်ဟု ဗဟိုဘဏ်ကြေညာချက်အရ သိရှိရသည်။

ပြည်ပသို့ အဝတ်အစား တင်ပို့မှုပမာဏသည် ၂၀၀၇ ခုနှစ် ဇူလိုင်လတွင် ၃၈ ဒသမ ၅ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပြီး ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအထိ တိုးချဲ့တင်ပို့ပေးနေရသည်ဟု ကြေညာချက်တွင် ဖော်ပြသည်။

ပြည်ပသို့ တင်ပို့သည့် ပို့ကုန်ပမာဏသည် ၂၀၀၆ ခုနှစ် ဇူလိုင်လတွင် ဒေါ်လာ ၃ ဒသမ ၆၈ ဘီလီယံရှိခဲ့ရာမှ ယခုနှစ် ပထမခုနစ်လတွင် ဒေါ်လာ ၄ ဒသမ ၂၆ ဘီလီယံအထိ မြင့်တက်ခဲ့သည်ဟုဆိုသည်။

သီရိလင်္ကာနိုင်ငံ၏ စီးပွားရေးသည် နိုင်ငံ၏မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသတွင် ပြည်တွင်းစစ်ဖြစ်ပွားနေသဖြင့် တိုးတက်မှုနှေးကွေးလျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ။**



ဟောင်ကောင်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည့် တရုတ်နိုင်ငံရေတပ် သင်္ဘောတစ်စင်းကို စက်တင်ဘာ ၁၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)




# ဘင်္ဂလားဒေ့ရှ်တွင် လူနာများအတွက် နှစ်စဉ် သွေးပုလင်း ၄၅၀၀၀၀လိုအပ်

**ဒါကာ စက်တင်ဘာ ၂၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လူနာထောင်ပေါင်းများစွာ၏ အသက်ကိုကယ်တင်နိုင်ရန် နှစ်စဉ် သွေးပုလင်းပေါင်း ၄၅၀၀၀၀ခန့် လိုအပ်သည်။ ထိုလူနာများမှာ မတော်တဆဖြစ်မှုမှ ထိခိုက်ဒဏ်ရာရသော လူနာများ၊ ခွဲစိတ်ကုသလူနာများ၊ သွေးကင်ဆာလူနာများ၊ သွေးလွန်တုပ်ကွေးရောဂါလူနာများ အစရှိသော လူနာများဖြစ်သည်။

အကယ်၍ တစ်နှစ်လျှင် လူပေါင်း ၃၁၁ဦးရှိတိုင်း သွေးတစ်ပုလင်းထုတ်ယူရရှိမည်ဆိုပါက လိုအပ်နေသောသွေးများကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် ကျန်းမာရေးကောင်းမွန်သော လူတစ်ဦးတစ်နှစ်လျှင် သွေးသုံးကြိမ်လှူဒါန်းနိုင်ကြောင်း အစိုးရကျန်းမာရေးအကြံပေး ဒေါက်တာအေအက်စ်အမ်မာတီရာရာမန်က ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကြံပြုချက်အရ အစိုးရအဖွဲ့သည် သွေးလှူရှင်များမှ ရရှိသော သွေးများကို မဖြစ်မနေ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်သည်။ ထိုသို့ပြုလုပ်ရခြင်းမှာ သွေးသွင်းခြင်းမှ ရရှိနိုင်သည့် အိပ်ချ်အိုင်ဗွီ၊ အသည်းရောင်အသားဝါဘီပိုး၊ အသည်းရောင်အသားဝါ စီပိုး၊ ကာလသားရောဂါနှင့် ငှက်ဖျားရောဂါပိုးများ ကင်းစင်ပြီး လုံခြုံစိတ်ချရသည့် သွေးများရရှိစေရန်ဖြစ်သည်။

ယခုအခါတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လုံခြုံစိတ်ချ သွေးသွင်းနိုင်သည့် နေရာပေါင်း ၉၈ နေရာရှိပြီး ၂၀၀၇ ခုနှစ်၌ သွေးသွင်းနိုင်သည့်နေရာ ၅၀ ထပ်မံတိုးချဲ့မည်ဖြစ်သည်။ လာမည့် ၂၀၀၈ခုနှစ်တွင်လည်း နောက်ထပ် ၅၀ ဆက်လက်တိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

လူတစ်ဦးသည် သွေးလှူဒါန်းခြင်းဖြင့် အခြားသူတစ်ဦး၏ အသက်ကိုကယ်တင်မည့်အပြင် မိမိ၏အသွေးအသားများလည်း ပြန်လည်အသစ်လောင်းပေးသည့် အကျိုးကျေးဇူးကို ရရှိနိုင်ကြောင်း ကျန်းမာရေး အကြံပေးဒေါက်တာရာမန်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

# တရုတ်အရှေ့ပိုင်းတွင် ဝိုင်ဖာတိုင်ဖုန်းမုန်တိုင်း တိုက်ခတ်

**ဟန်ကျိုး စက်တင်ဘာ ၂၀**

ဝိုင်ဖာအမည်ရှိ တိုင်ဖုန်းလေမုန်တိုင်းသည် တရုတ်နိုင်ငံအတွင်း ဗုဒ္ဓဟူးနေ့ နံနက်ကဝင်ရောက်တိုက်ခတ်သွားသဖြင့် နိုင်ငံတောင်ပိုင်း စီကျန်းပြည်နယ်တွင် တစ်ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံသတင်းများအရ သိရှိရသည်။

## ပြိုကျ

သေဆုံးသူမှာ ဟူဘေးပြည်နယ်မှ အသက် ၂၉ နှစ်ရှိ အလုပ်သမား ကျန်ဇန်ကျီယာဖြစ်ပြီး ဂျီရှီကျေးရွာရှိ ၎င်း၏အိမ် ဗုဒ္ဓဟူးနေ့တွင် ပြိုကျခဲ့သဖြင့် သေဆုံးခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရသူ သုံးဦးကို ဆေးရုံသို့တင်ပို့ထားရသည်။

## ဖြည့်ဆည်းပေး

ဝိုင်ဖာမုန်တိုင်းသည် ကန်နန်းခရိုင်တွင် နံနက် ၂ နာရီခွဲက တိုက်ခတ်သွားရာ အိမ်ခြေ ၆၆၉ လုံးပျက်စီးပြီး ကျေးရွာ ၁၈၆၇ ရွာသို့ ဆက်သွယ်သည့် လျှပ်စစ်ဓာတ်အားလိုင်း ပြတ်တောက်ခဲ့ကာ လူငါးသန်း ဒုက္ခရောက်ခဲ့သည်။ စီးပွားရေးအရ ဆုံးရှုံးမှု ငွေကြေးပမာဏ ယွမ် ၂ ဒသမ ၉ ဘီလီယံ (ဒေါ်လာ ၃၈ သန်း)ရှိသည် ဟု သိရသည်။

ဖော်ပြပါပြည်နယ်တွင် မိုးဆက်လက်ရွာသွန်းနေပြီး နံနက် ၆ နာရီအချိန်အထိ မိုးရေချိန် ပျမ်းမျှ ၁၀၂ ဒသမ ၉ မီလီမီတာရှိသည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ။**



**ကမ္ဘာကြီး ပူနွေးလာမှုကြောင့် အာတိတ်ဒေသမှ ရေခဲများအရည်ပျော်လာရာ ရှေးအခါက အမေရိကတိုက်သို့ကူးသန်းသွားလာရာ၌ အသုံးပြု ခဲ့ဖွယ်ရှိသော လမ်းကြောင်းများ ပြန်၍ ပေါ်လာသည်ကို ဖော်ပြသည့် ဂြိုဟ်တု ဓာတ်ပုံအား စက်တင်ဘာ ၂၀ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# အီရတ်၌ သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ၃၇၇၅ ဦးရှိ

**ဘဂ္ဂဒက် စက်တင်ဘာ ၂၀**

ဘဂ္ဂဒက်မြို့တောင်ပိုင်းတွင် စစ်ဆင်တိုက်ခိုက်ရာ၌ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးကြောင်း အမေရိကန်စစ်တပ်က စက်တင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့တောင်ပိုင်းရှိ အယ်လ်ခိုင်ဒါ တိုက်ခိုက်ရေးသမားများအား ထိုးစစ်ဆင်တိုက်ခိုက်ရာ အမေရိကန်တပ်ဖွဲ့ဝင်များသေဆုံးကြောင်း၊ အီရတ်နိုင်ငံရှိ အဓိကလမ်းကြောင်းတစ်လျှောက် လမ်းဘေးဗုံး၏ ခြိမ်းခြောက်မှုအန္တရာယ်ကို လျော့နည်းစေရန် စီမံဆောင်ရွက်နေကြောင်း အမေရိကန်တပ်ဖွဲ့က ပြောကြားသည်။

အီရတ်စစ်ပွဲစတင်ဖြစ်ပွားချိန်မှ ယနေ့အထိ အီရတ်နိုင်ငံတွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၃၇၈၅ ဦးရှိပြီဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ် အစီရင်ခံစာအရ သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

# ဆလိုဗေးနီးယား၌ ရေလွှမ်းမိုးမှုကြောင့် နှစ်ဦးသေဆုံး

**လူဘာဂျနာ စက်တင်ဘာ ၂၀**

ဆလိုဗေးနီးယားနိုင်ငံတွင် စက်တင်ဘာ ၁၈ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုခြင်း၊ ရေလွှမ်းမိုးခြင်းဖြစ်ပွားရာ လူနှစ်ဦးသေဆုံးပြီး လေးဦးပျောက်ဆုံးကြောင်း မြို့ပြကာကွယ်ရေးနှင့်သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေး အုပ်ချုပ်ရေးမှူးက စက်တင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

ဆလိုဗေးနီးယားနိုင်ငံ အနောက်မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသများတွင် ရေလွှမ်းမိုးမှုဖြစ်ပွားကြောင်း အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

အိမ်တစ်အိမ်မှ ရေများစုပ်ထုတ်စဉ် လျှပ်စစ်ဝါယာရှော့ဖြစ်ပွားမှုကြောင့် စေတနာ့ဝန်ထမ်း မီးသတ်သမားတစ်ဦး သေဆုံးသည်။

ဆလိုဗေးနီးယားနိုင်ငံ အစိုးရအဖွဲ့သည် နိုင်ငံအနောက်မြောက်ပိုင်းဒေသကို သွားရောက်ရန် စီစဉ်နေစဉ် ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့သည်။ ဝန်ကြီးချုပ် ဂျန်နက်ဂျန်ဆာသည် စက်ရုံကြီးတစ်ခုကို ဖွင့်လှစ်ရန်ရှိသော်လည်း ရေလွှမ်းမိုးနေသဖြင့်မဖွင့်လှစ်နိုင်ဘဲရှိသည်။ **အမ်အင်အေ၊ရိုက်တာ။**

# ယူရိုဖိုက်တာ တိုက်လေယာဉ်များ ရောင်းချပေးရေး ဆော်ဒီအာရေဗျနှင့် ဗြိတိန်သဘောတူညီ

**လန်ဒန် စက်တင်ဘာ ၂၀**

ဆော်ဒီအာရေဗျနိုင်ငံသည် ဗြိတိန်နိုင်ငံလုပ် ယူရိုဖိုက်တာတိုက်ဖုန်း အမျိုးအစားဂျက်တိုက်လေယာဉ်များ ဝယ်ယူရန် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း စက်တင်ဘာ ၁၉ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ယူရိုဖိုက်တာ ဂျက်တိုက်လေယာဉ် ၇၂စင်းဝယ်ယူမည့် သဘောတူညီချက်ကို ဆော်ဒီအာရေဗျနှင့် ဗြိတိန်အစိုးရအဖွဲ့တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

တိုက်လေယာဉ် ဝယ်ယူရေး ကန်ထရိုက်စာချုပ်မှာ ပေါင်စတာလင် သန်းပေါင်း ၄၄၃၀ တန်ဖိုးရှိကြောင်း ဆော်ဒီအာရေဗျအစိုးရက ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် တိုက်လေယာဉ်များကိုသာမက တွဲဖက်အသုံးပြုရမည့် လက်နက်စနစ်များနှင့် ကာလရှည် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတို့အတွက်လည်း ငွေကြေးသုံးစွဲသွားရမည်ဖြစ်ကြောင်း၊ စုစုပေါင်း ပေါင်ငွေ ၂၀ဘီလီယံအထိ ကျခံသုံးစွဲရလိမ့်မည်ဟု မျှော်လင့်ရကြောင်း ဆော်ဒီအာရေဗျနိုင်ငံပိုင်သတင်းဌာနဖြစ်သည့် အက်စ်ပီအေက သတင်းထုတ်ပြန်သည်။

ယူရိုဖိုက်တာတိုက်လေယာဉ်များမှာ BAE System ကုမ္ပဏီကထုတ်လုပ်သည့် နောက်ဆုံးပေါ်စစ်လေယာဉ်များဖြစ်သည်။ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် ပဏာမ သဘောတူညီချက်အရ ဗြိတိန်နိုင်ငံက ဆော်ဒီအာရေဗျနိုင်ငံသို့ နည်းပညာ လွှဲပြောင်းပေးခွင့်ရှိသည်။ **အင်တာနက်။**

**အီရတ်နိုင်ငံ ဆာဒါစီတီးမြို့၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားတစ်စီးကို စက်တင်ဘာ ၁၈ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



# အီရတ်စစ်အသုံးစရိတ်ကြောင့် နိုင်ငံ့စီးပွားကျဆင်းမည်ကို အမေရိကန်ပြည်သူများ ပူပန်ကြောင့်ကြလျက်ရှိ

**ဆင်စင်နတီ စက်တင်ဘာ ၂၀**

အမေရိကန်နိုင်ငံတွင် လက်ရှိကြုံတွေ့ နေရသော စီးပွားရေး အခက်အခဲ၊ အိမ်ခြံမြေဈေး ကျဆင်းသွားမှု အခြေအနေနှင့် အီရတ်စစ် အသုံးစရိတ်များ ထောင်းလျက်ရှိသည့်အတွက် နိုင်ငံ့စီးပွားရေး ကျဆင်းသွားရသည့် ကပ်ဘေးအခြေအနေနှင့် ရင်ဆိုင်ရမည်ကို အမေရိကန်လူမျိုး အများအပြားက ပူပင်ကြောင့်ကြလျက်ရှိကြောင်း လူထုသဘောထား စစ်တမ်းတစ်ခုက ဖော်ပြသည်။

**မယူဆ**

ပြည်ထောင်စုဗဟိုဘဏ်က လူအများငွေကြေးချောင်လည်မှုရှိစေရန်အတိုးနှုန်းများကို ချပေးခဲ့သော်လည်း နိုင်ငံ၏စီးပွားရေး အခြေအနေသည် ကောင်းလာမည်ဟု လူအများက မယူဆကြပေ။

**ကျဆင်းနေ**

အမေရိကန်ဈေးကွက်၌ အတိုးနှုန်းချပေးလိုက်သည့်အတွက်စတော့ရှယ်ယာဈေးပြန်၍ ဈေးမြင့်လာသည်ကို တွေ့ကြရသည်။ သို့သော် အလုပ်အကိုင်ရရှိသူ အခြေအနေမှာ ဩဂုတ်လက ကျဆင်းနေပြီး မြေဈေး၊ အိမ်ဈေးများမှာလည်း အခြေအနေမကောင်းဘဲရှိသည်။

လူထုသဘောထားစစ်တမ်းလေ့လာချက်ကို ရိုက်တာသတင်းဌာနနှင့် ဇောက်ဘီစစ်တမ်း လေ့လာရေးတို့က ပူးပေါင်း ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး တွေ့ရှိချက်များကို စက်တင်ဘာ ၁၉ ရက်က ထုတ်ပြန်ခဲ့သည်။

**ကောင်းမလာနိုင်**

အမေရိကန်နိုင်ငံသား သုံးဦးလျှင် တစ်ဦးက ၂၀၀၈ခုနှစ်တွင် စီးပွားရေးကျဆင်းသည့် အခြေအနေနှင့် ကြုံတွေ့နိုင်သည်ဟု ယူဆနေကြသည်။ အီရတ်စစ်ပွဲတွင် ငွေပုံ၍ သုံးနေသမျှ ပြည်တွင်း စီးပွားရေးတွင် အခြေအနေကောင်းမလာနိုင်ဟု ယူဆသူများလည်း ရှိသည်။

*အမ်အင်အေ၊ရိုက်တာ။*



**နာဆာအာကာသ လေ့လာရေးအဖွဲ့က စမ်းသပ်နေသော ဂြိုဟ်ဆင်း လေ့လာရေး ယာဉ်တစ်စင်းကို စက်တင်ဘာ ၁၉ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# ပါကစ္စတန်တွင် စစ်သွေးကြွများက ခုနစ်ဦးကို ပြန်ပေးဆွဲ

**မီရန်ရှား(ပါကစ္စတန်) စက်တင်ဘာ ၂၀**

ပါကစ္စတန်အနောက်မြောက်ပိုင်းဒေသမှ တာလီဘန်ဖြောက်ကျားများ လိုလားသည့် စစ်သွေးကြွများက စစ်ဘက်စစ်ဆေးရေးစခန်းကို ဗုဒ္ဓဟူးနေ့က တိုက်ခိုက်ခဲ့ပြီး ပြည်သူ့စစ်တပ်ဖွဲ့ဝင်ခုနစ်ဦးကို ဖမ်းဆီးကြောင်း လုံခြုံရေးတာဝန်ရှိပုဂ္ဂိုလ် များက ပြောကြားသည်။

ဇူလိုင်လနောက်ပိုင်းတွင် စစ်သွေးကြွများက လုံခြုံရေးတပ်ဖွဲ့ဝင်များကို စီးနင်းတိုက်ခိုက်ခဲ့ပြီး ပြန်ပေးဆွဲခဲ့သည့် ပထမဆုံးလုပ်ရပ်ဖြစ်သည်။

ဝါဇီရစ္စတန်နယ်စပ်အနီးရှိ အနောက်မြောက်နယ်နိမိတ် ပြည်နယ်ရှိ တောတောင်းမြို့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စစ်ဆေးရေးစခန်းကို စစ်သွေးကြွများက ဝင်ရောက်စီးနင်းပြီး တပ်ဖွဲ့ဝင်များကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

*အမ်အင်အေ၊ရိုက်တာ။*

# တောင်အာဖရိက၌ ရေနံသိုလှောင်ကန် ပေါက်ကွဲ

**ဂျိုဟန်နစ္စဘတ် စက်တင်ဘာ ၂၀**

တောင်အာဖရိကနိုင်ငံ အရှေ့ပိုင်း ဒူဘန်းမြို့ဆိပ်ကမ်းတွင် စက်တင်ဘာ ၁၈ ရက် ညပိုင်းက ရေနံသိုလှောင်ကန်သုံးခုပေါက်ကွဲမှုဖြစ်ပွားကြောင်း ကမ်းခြေရေနံဂိုဒေါင် ထောင့်ချိုးတွင်မီးတောက်ကြီးများ တဟုန်းဟုန်းတောက်လောင်နေကြောင်း တောင်အာဖရိက သတင်းဌာနက ပြောကြားသည်။

အဆိုပါ ဖြစ်ပွားမှုကြောင့် အသေအပျောက်နှင့် ဒဏ်ရာရရှိမှု အခြေအနေ မသိရသေးပေ။ ဒေသစံတော်ချိန် ည ၇ နာရီခန့်တွင် မီးလောင်ခဲ့ပြီးနောက် ရေနံသိုလှောင်ကန်သုံးခု ပေါက်ကွဲခဲ့သည်။

ဒူဘန်းမက်ထရိုအဖွဲ့၊ အမျိုးသားဆိပ်ကမ်းအာဏာပိုင် မီးသတ်တပ်ဖွဲ့၊ အရေးပေါ်ဝန်ထမ်း အဖွဲ့အစည်းများနှင့် လူနာတင်ယာဉ်ဝန်ထမ်းအဖွဲ့ အစည်းများက အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိလာကာ မီးငြိမ်းသတ်မှုများ ဆောင်ရွက်ခဲ့သည်။

*အမ်အင်အေ၊ဆင်ဟွာ။*

# အင်တာနက်သုံးစွဲမှု ကျန်းမာရေးထိခိုက်နိုင်ဟုဆို သုတေသနစစ်တမ်းအရ သိရ

**ပေကျင်း စက်တင်ဘာ ၂၀**

တရုတ်နိုင်ငံတွင် အင်တာနက်သုံးစွဲသူ ၇၃ရာခိုင်နှုန်းခန့်သည် ကျန်းမာရေးထိခိုက်နိုင်သည့် အခြေအနေများနှင့် တွေ့ကြုံရကြောင်း၊ အင်တာနက်သုံးစွဲသူ ၇၀ရာခိုင်နှုန်းမှာမူ စိတ်ပိုင်းဆိုင်ရာပြဿနာများနှင့် တွေ့ကြုံခံစားရကြောင်း လေ့လာချက်စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

39.comအင်တာနက်ဝက်ဘ်ဆိုက်သည် အင်တာနက်သုံးစွဲသူ လူပေါင်း ၁၅၀၀၀၀အား အခြေခံ၍လေ့လာခဲ့သည်။ အင်တာနက်သုံးစွဲသူ ၇၃ရာခိုင်နှုန်းမှာ မူးဝေခြင်း၊ အိပ်မပျော်ခြင်းနှင့် အဆစ်ကိုက်ခဲသည့် ဝေဒနာခံစားရနိုင်ခြင်းတို့ ရှိကြောင်း၊ အချို့မှာမူ ဗိုက်နာသည့်ဝေဒနာကို ခံစားရကြောင်း လေ့လာတွေ့ရှိရသည်။

အင်တာနက်သုံးစွဲသူ ၇၀ရာခိုင်နှုန်းကျော်မှာ မှတ်ဉာဏ်ဆုံးရှုံးခြင်း၊ စိုးရိမ်ပူပန်ခြင်း စသည့်စိတ်ပိုင်းဆိုင်ရာ ဝေဒနာများကို ခံစားကြရသည်ဟု သိရကြောင်း လေ့လာချက်တွင်ဖော်ပြထားသည်။

အင်တာနက်သုံးစွဲသူများသည် ကိုယ်ကာယလေ့ကျင့်ခန်းများပြုလုပ်မှု လျော့နည်းသွားသည်။ မိမိတို့သည် ရက်သတ္တပတ်လျှင် ကိုယ်ကာယလေ့ကျင့်မှုအတွက် သုံးနာရီမျှပင် အချိန်ပေးနိုင်ခြင်း မရှိတော့ကြောင်း ၅၁ ဒသမ ၄ ရာခိုင် နှုန်းက တုံ့ပြန်ဖြေကြားသည်။ ၁၂ ဒသမ ၅ ရာခိုင်နှုန်းကမူ လွန်ခဲ့သည့် ခြောက်လတာ ကာလအတွင်း မည်သည့်ကိုယ်ကာယလေ့ကျင့်ခန်းကိုမျှ မပြုလုပ်နိုင်ခဲ့ဟု ဖြေကြားကြသည်။

*အင်တာနက်။*



**အမေရိကန်နိုင်ငံ ဆာရာစိုဘာကမ်းခြေတွင် ပညာရှင်တစ်ဦးက ၎င်းတီထွင်ထားသော ရိုဘော့စ်စက်ရုပ်၏ စွမ်းရည်စမ်းသပ်နေသည်ကို စက်တင်ဘာ ၁၉ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# ဘင်္ဂလားဒေ့ရှ်ရေလွှမ်းမိုးမှု စိုက်ခင်းများပျက်စီး

**ဒါကာ စက်တင်ဘာ ၂၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဇူလိုင်လနှောင်းပိုင်း ရေလွှမ်းမိုးမှုများကြောင့် ကောက်ပဲသီးနှံစိုက်ခင်း ဟတ်တာ ၉၀၀၀၀၀ ခန့် ပျက်စီးခဲ့ရကြောင်း ဖိုင်နန်ရှယ် အိပ်စပရက်စ် သတင်းစာက ကြာသပတေးနေ့တွင် ရေးသားဖော်ပြသည်။ ဘင်္ဂလားဒေ့ရှ် နိုင်ငံရှိ ခရိုင် ၆၄ ခရိုင်အနက် ၃၉ခရိုင် တွင် စိုက်ခင်းများ ရေနစ်မြုပ်ခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားသည်။

*အမ်အင်အေ၊ဆင်ဟွာ။*

# ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး၏ ပြောကြားချက် ရုရှားနှင့် တရုတ် စိုးရိမ်မကင်းဖြစ်

**မော်စကို စက်တင်ဘာ ၂၀**

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက အီရန်နှင့် စစ်မက်ဖြစ်ပွားနိုင်သည့် အလားအလာ များပြားနေသည်ဟု ဝေဖန်ပြောကြားမှုနှင့် ပတ်သက်၍ ရုရှားနှင့် တရုတ်နိုင်ငံတို့က စိုးရိမ်မကင်း ဖြစ်မိကြောင်း အင်္ဂါနေ့က ထုတ်ဖော်ပြောကြားပြီး အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်နှင့် ပတ်သက်၍ အီရန်နှင့် အငြင်းပွားပြဿနာအဆုံးသတ်ရေးအဓိက နည်းလမ်းသည် သံတမန် နည်းပရိယာယ်သာ ဖြစ်ကြောင်း ပြောကြားလိုက်သည်။

မိမိက စစ်လိုလားသူတစ်ဦးအနေဖြင့် ပြောလိုခြင်း မဟုတ်ပါဟု ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဘားနမ်ကူချနာက ကုလသမဂ္ဂ လုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင်များက အီရန်နိုင်ငံအပေါ် အရေးယူ ပိတ်ဆို့မှုပြုလုပ်ရန် အစည်းအဝေး မကျင်းပမီ ရက်အနည်းငယ်အတွင်းတွင် ပြင်သစ်သတင်းစာ လာမွန်ဒီသို့ ပြောကြားသည်။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ကူချနာဝေဖန်ပြောကြားမှုကြောင့် ရုရှားနှင့် တရုတ်တို့အတွက် စိုးရိမ်မကင်းဖြစ်ရသည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့က ကူချနာနှင့် ပူးပေါင်းပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားသည်။ အီရန်အပေါ် စစ်ရေးအရ အရေးယူရန် စဉ်းစားဆုံးဖြတ်မှုအပေါ် မိမိတို့ စိုးရိမ်မကင်းဖြစ်ရကြောင်း၊ ယင်းလုပ်ရပ်သည် အီရတ်နှင့် အာဖဂန်နစ္စတန် ပြဿနာဖြစ်ပွားနေသည့် အရှေ့အလယ်ပိုင်းဒေသအတွက် ခြိမ်းခြောက်မှု အန္တရာယ်တစ်ရပ်ဖြစ်ကြောင်း လက်ဗရော့က ဆက်လက်ပြောကြားသည်။

*အမ်အင်အေ၊ရိုက်တာ။*



**အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာဒေသတွင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များအား ခုခံတိုက်ခိုက်နေသည့် လက်နက်ကိုင်တစ်ဦးကို စက်တင်ဘာ ၁၉ ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

## ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

# ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝကို တိုးတက်ပြောင်းလဲစေသည့် ကျေးလက်လမ်းများ

အောင်စည်



ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာစေရေးအတွက် လမ်းများ တိုးချဲ့ဖောက်လုပ်ပေးခဲ့ရာတွင် ဂန့်ဂေါ–ဟားခါးလမ်းကို ဤသို့ တွေ့ရသည်။

**ကျေးလက်လူထုတို့အဖို့ သွားလာဆက်သွယ်ရေးလွယ်ကူမှုကြောင့် ပညာရေးအသိ၊ ကျန်းမာရေးအသိ၊ စီးပွားရေးအသိများ တိုးပွားလာကြသည်။**

**ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာသည့် မြင်ကွင်းသည် နိုင်ငံတော်အကြီးအကဲ၏ကျေးလက်နေပြည်သူများအပေါ် ထားရှိသည့်စေတနာပင်ဖြစ်သည်။**

ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝကို မြင့်တင်ပေးနိုင်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတာဝန်ကြီး (၅)ရပ်ကို နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

- **ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊**
- **ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊**
- **ကျေးလက်နေပြည်သူများ၏ ပညာရည်အဆင့်အတန်းမြင့်မား တိုးတက်စေရေး၊**
- **ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု မြင့်မား တိုးတက်စေရေး၊**
- **ကျေးလက်ဒေသအတွင်း စိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး၊**

ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရေးအတွက် ဝန်ကြီးဌာန အသီးသီးသည် နိုင်ငံတော်က ချမှတ်ထားသော လုပ်ငန်းတာဝန်ကြီးများကို ဦးလည်မသုန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြပါသည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေ ရရှိရေးတို့ကို အဓိကလုပ်ငန်းတာဝန်အဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး ကျေးလက်ဒေသ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

ဝန်ကြီးဌာန၏ ဦးစီးဌာနတစ်ခုဖြစ်သော စည်ပင်သာယာရေးဦးစီးဌာနသည် မြို့ပြနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ သန့်ရှင်းသပ်ရပ် သာယာလှပစေရေး လုပ်ငန်းများ၊ ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေ ရရှိရေးလုပ်ငန်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးလုပ်ငန်းနှင့် ကျေးလက်အိမ်ရာ တည်ဆောက်ပေးရေး လုပ်ငန်းများကိုပါ တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် မြေပေါ်မြေအောက်နှင့် ရေအောက်သယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သော်လည်း လမ်းပန်းဆက်သွယ်ရေး အားနည်းခဲ့မှုကြောင့် ဖွံ့ဖြိုးတိုးတက်မှု နည်းပါးခဲ့ရသည်။ စစ်ကိုလိုနီခေတ်ကာလအတွင်း တည်ဆောက်ထားသော လမ်းများကိုသာ ပြန်လည်ပြုပြင်၍ သွားလာနေကြရသည်။ လွတ်လပ်ရေးရပြီးသည့် နှစ်ပေါင်း ၂၀ နီးပါး ကာလအတွင်း လမ်းသစ်များပေါ်ထွန်းလာခဲ့ခြင်းမရှိပါ။

ယင်းနောက်ပိုင်းကာလတွင် ပုသိမ်–မုံရွာ–ရေဦးလမ်းမကြီး တည်ဆောက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။ **နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် မြို့ပြနှင့် ကျေးလက်လူထုများ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ပြီး ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးကို ရှေးရှု၍ တည်ဆောက်ပြီးစီးခဲ့သည့် လမ်းမကြီးများ အစဉ်အမြဲကောင်းမွန်ရေး၊ ဖောက်လုပ်ရန် လိုအပ်သည့် လမ်းမကြီးများ ပေါ်ပေါက်လာရေးကို ဦးတည်၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။**

၂၀၀၇ခုနှစ် မတ်လ ၁၇ရက်တွင် ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငွေဆောင်မြို့၌ အရှည်ပေ ၄၅၀၀ ရှိသော ကတ္တရာလမ်းသစ်ကိုလည်းကောင်း၊ မတ်လ ၂၅ရက်တွင် ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ်၌ ၂ မိုင် ၃ ဖာလုံရှည်သော ကတ္တရာလမ်းသစ်ကိုလည်းကောင်း၊ မတ်လ ၂၈ရက်တွင် မန္တလေးတိုင်း မြင်းခြံမြို့နယ်၌ အရှည်ပေ ၁၄၅၀ရှိသော မြင်းခြံ–သာပေါင်း ကတ္တရာလမ်းသစ်ကိုလည်းကောင်း၊ မတ်လ ၃၀ရက်တွင် မကွေးတိုင်း တောင်တွင်းကြီးမြို့နယ်၌ အရှည် ၁မိုင် ၂ဖာလုံရှိသော ကျေးလက်ကျောက်ချောလမ်းသစ်ကို လည်းကောင်း၊ မေလ ၁၀ရက်တွင် ဧရာဝတီတိုင်း မအူပင်မြို့နယ်၌ အရှည်ပေ ၃၅၅၀ရှိသော ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ကို လည်းကောင်း၊ မေလ ၆ရက်တွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်နှင့် ပန်းတနော်မြို့နယ်၌ အရှည် ၂မိုင် ၂ဖာလုံရှိ ဇီးဖြူကုန်း–သဇင် ရေကျော် ကျောက်ချောလမ်းသစ်နှင့် အရှည် ၄၃၆၅ ပေရှိ ကတ္တရာလမ်းသစ်တို့ကိုလည်းကောင်း၊ မေလ ၂၈ရက်တွင် ဧရာဝတီတိုင်း ဟင်္သာတခရိုင်၌ အရှည်ပေ ၁၇၅၀ရှိ ကတ္တရာလမ်းသစ်တို့ကိုလည်းကောင်း ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်က ၂၀၀၇ ခုနှစ်အတွင်း ကျေးလက်နှင့်ကျေးလက်၊ ကျေးလက်နှင့် မြို့ ဆက်သွယ်သည့် လမ်းမိုင် ၂၀ ကျော် ဖောက်လုပ်ပေးနိုင်ခဲ့သည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍**

**ပြည်သူများခရီးသွားလာရာတွင် လုံခြုံချောမွေ့စေရေးအတွက် အန္တရာယ်ရှိသည့် နေရာများကို နိုင်ငံတော်က တိုးချဲ့ပြုပြင်ပေးလျက်ရှိရာ မန္တလေး–မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ဂုတ်တွင်းကားလမ်းကို ဤသို့ တိုးချဲ့ဖောက်လုပ်ပေးခဲ့သည်။**



# ဓမ္မရက္ခိတ ဖြူးမဟာစည်ရိပ်သာ ဖြူးဆရာတော်တရားပွဲများ

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ ပဓာနနာယက ဓမ္မကထိက ဗဟုဇနဟိတရေ၊ သာသနဓဇ ဓမ္မာစရိယ ဖြူးဆရာတော်ဘဒ္ဒန္တနရပတိအရှင်မြတ်သည် ၁၃၆၉ခုနှစ် တော်သလင်း လဆန်း ၁၃ရက် (၂၄-၉-၂၀၀၇)ရက် ည ၇နာရီတွင် ပဲခူးတိုင်း ကဝမြို့နယ် ကဒါတ်စိန် စံပြကျေးရွာ ကဝ-အရှင်ဝဏ္ဏိသဃရနှင့် ခမည်းတော် ဦးဖေမောင်-မယ်တော် ဒေါ်တင်နုမိသားစုတို့၏ (၁၁)ကြိမ်မြောက် တဏ္ဍုလဆန်အလှူတော် အကြို ဓမ္မသဘင်နှင့် စက်တင်ဘာ ၂၅ရက် နံနက် ၆နာရီတွင် အလှူရေစက်ချတရား ဟောကြားပြီး ည ၇နာရီ၌ ဒဂုံအရှေ့ အေးမြချမ်းသာမဟာစည်၌လည်းကောင်း၊ ၂၆ရက် နံနက် ၉နာရီတွင် လှိုင်သာယာဘုရားလမ်း မာရ်အောင်ဓမ္မာရုံနှင့် မွန်းလွဲ ၂နာရီတွင် တောင်ဥက္ကလာပ နန္ဒဝန်ဈေးဓမ္မာရုံတို့တွင် တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာ ကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ မိဘများအားရည်စူး၍ အဘဦးကျော်အေးကို အမှူးထားကာ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် စံရိပ်ငြိမ် (၆)လမ်းသွယ်နေ ဦးဇော်မင်း-ဒေါ်ထွေးထွေးမြင့် သမီးမချစ်စုသင်းမိသားစုက အလှူငွေကျပ် နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း ဩဝါဒါစရိယ ဆရာတော် ဦးလက္ခဏရှေ့မှောက်၌ တာဝန်ခံ (သဒ္ဓမ္မဇောတိဓဇ) သီဟသုဓမ္မ မဏိဇောတဓရ ရွှေမြင်တင် ဦးညိုထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)



**ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် မြသီတာရပ်ကွက်ရှိ ဒေါက်တာ သောပါက ဦးစီးတည်ထောင်တော်မူသော ဇေတဝန်ဓမ္မာရုံကျောင်းတိုက်၌ ဆောက်လုပ်ဆဲ ဇေတဝန်သာသနရံသီ သိမ်တော်အတွက် ဒဂုံမြို့သစ် (မြောက်ပိုင်း)နေ ဦးသက်ထွေးအောင်-ဒေါ်ရွှေစင်ဝင်း၊ သမီး မပိုးပုလဲဖြူ (Space Light Co.Ltd) မိသားစုတို့က အလှူငွေကျပ် ၁၈၀၀၀၀၀ကို ဒေါက်တာအရှင် သောပါကထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

❍ စာမျက်နှာ ၆ ဆောင်းပါးမှ အဆက်

**ကျေးလက်နှင့်ကျေးလက်၊ ကျေးလက်နှင့်မြို့ပြ ရာသီမရွေး ကူးလူးဆက်ဆံနိုင်သော လမ်းများသည် နိုင်ငံတစ်နိုင်ငံ၊ တိုင်းပြည် တစ်ပြည်အတွက် အရေးပါသော လမ်းများဖြစ်သည်။ လမ်းများကောင်းမွန်ခြင်းနှင့် လမ်းများပြည့်စုံခြင်းသည် ဒေသအတွင်း နေထိုင်ကြသောပြည်သူများ၏ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်သည့် အချက်ပင်ဖြစ်သည်။ ဆက်သွယ်သွားလာမှု လွယ်ကူခြင်းသည် ဒေသခံပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကို အထောက်အကူဖြစ်စေသည်၊ ကျယ်ပြန့်စေသည်၊ မြင့်မားစေသည်မှာ အမှန်မုချ ဖြစ်ပါသည်။**

လမ်းပန်းဆက်သွယ်မှုတွင် ရှိသင့်ရှိထိုက်သည့် အင်္ဂါရပ်များ ရှိသည်။ ထိုအင်္ဂါရပ်များမှာ "လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းဖြင့် အချိန်ပြုန်းတီးမှု၊ စက်ကိရိယာပြုန်းတီးမှုနှင့် စက်သုံးဆီပြုန်းတီးမှုတို့ကို လျော့နည်းကျဆင်းစေသည့် အင်္ဂါရပ်ပင်ဖြစ်သည်။" ယခင်က မြို့ပြနှင့် ကျေးလက်နေပြည်သူများ မြို့ပြဒေသနှင့် ကျေးလက်ဒေသ ကူးလူးဆက်ဆံရာတွင် ခြေကျင်ခရီး၊ လှည်း၊ မြင်း စသည်တို့ဖြင့် သွားလာရပြီး အချိန်များများအသုံးပြုရသည်။ လမ်းပန်းဆက်သွယ်ရေး အားနည်းနေမှုကြောင့် သွားလာမှုခက်ခဲ၍ ကျေးလက်နေပြည်သူများ ပညာရည် အဆင့်အတန်း၊ ကျန်းမာမှုအဆင့်အတန်းနှင့် စီးပွားရေး အဆင့်အတန်း နိမ့်ကျရသည်။ လူနေမှုဘဝတစ်ခုလုံးပါ နိမ့်ပါးခဲ့သည့်ဘဝနှင့် ကြုံတွေ့ခဲ့ကြရသည်။

**"နိုင်ငံတော်အကြီးအကဲသည် ကျေးလက်နေပြည်သူများ၏ ဘဝကို စာနာထောက်ထားပြီး လူနေမှုဘဝကို မြှင့်တင်ပေးနိုင်ရန် မှန်ကန်မွန်မြတ်သောစေတနာဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး (၅)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်စေခြင်းပင်ဖြစ်ပေသည်"** လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေခြင်း အကျိုးဆက်များ ရရှိခံစားနိုင်ရန် နိုင်ငံတစ်ဝန်း ပြည်နယ်၊ တိုင်းအသီးသီး၊ မြို့နယ်အသီးသီးနှင့် ကျေးရွာအသီးသီးတို့တွင် ဟန်ချက်ညီညီဖြင့် တစ်ပြိုင်တည်း လုပ်ရှားဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ လှုပ်ရှားဆောင်ရွက်မှုတွင် ရှည်လျားဖြောင့်တန်းသော ခရိုင်ချင်းဆက် လမ်းမကြီးများနှင့် ဒေသအတွင်း၊ လမ်းမကြီးများကို အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိသည်။ မြို့နယ်များ၏ အစွန်အဖျားဒေသတွင်ရှိသော ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသည့် ကျေးရွာများကို ဖြတ်သန်းစေပြီး ဦးစားပေး ဖောက်လုပ်ခဲ့ပါသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်မြို့များသို့ ဆက်သွယ်မှုကောင်းမွန်စေရန် ခရိုင်ချင်းဆက်လမ်း အမှတ်(၁)ကို ရန်ကုန်တိုင်း၊ ပဲခူးတိုင်း(အနောက်)၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့မှ မိမိတို့ နယ်နိမိတ်အတွင်း ဖြတ်သန်းသည့် လမ်းကြောင်းအသီးသီးကို စီမံကိန်းကာလ အစအဖြစ် ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့သည် မကွေးတိုင်းနှင့် ပဲခူးတိုင်း ထိစပ်နယ်မြေ ပွိုင့် ၈၇၇မှ မကွေးနှင့် မန္တလေးတိုင်းနယ်စပ် အိုင်မနက်ချောင်းအထိ လမ်းကြောင်းအရှည် ၁၃၂ မိုင် ၆ ဖာလုံကို တာဝန်ယူဆောင်ရွက်ရသည်။ မကွေးတိုင်းအတွင်း ၁၃၂ မိုင် ၆ ဖာလုံအနက် ၅၇ မိုင် ၃ ဖာလုံမှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တည်ဆောက်ပြီးဖြစ်၍ လမ်းကြောင်းအရှည် ၇၅ မိုင် ၃ ဖာလုံကို မြေတိုင်းတာ ပုံထုတ်ခြင်း၊ တစ်ကြောင်းထိုးလုပ်ငန်း၊ မြေသားလမ်းလုပ်ငန်း၊ ကျောက်ချောခင်းခြင်း လုပ်ငန်းနှင့် ကတ္တရာလမ်းအဖြစ် တည်ဆောက်ခြင်း လုပ်ငန်းအပြင် လမ်းကြောင်းပေါ်တွင် တံတားများ၊ ရေပြွန်များ၊ ရေကျော်များနှင့် ကျောက်စီရေမြောင်းများ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်ကုန်တွင် ကျောက်ခင်းလမ်းပြီးစီးပြီးဖြစ်သည့်အပြင် နတ်မောက်မြို့နယ်အတွင်း ကတ္တရာလမ်း ၁၄ မိုင် ၄ ဖာလုံကို တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။ ကတ္တရာလမ်းအဖြစ် တည်ဆောက်ရန် ကျန်သည့် လမ်းအပိုင်း မိုင် ၆၀ ၂ ဖာလုံကို ဆက်လက်တည်ဆောက်သွားမည်ဖြစ်သည်။ မကွေးတိုင်းအတွင်း ဖောက်လုပ်သည့် ခရိုင်ချင်းဆက်လမ်းအမှတ်(၁)သည် ပြည်-မကွေး-မန္တလေးကားလမ်းနှင့် ပဲခူးရိုးမအကြား မြို့နယ်များ၏ အစွန်အဖျားကျသော ကျေးလက်ဒေသများကို ဖြတ်သန်းဖောက်လုပ်ထားခြင်း ဖြစ်သည်။

ယခုခရိုင်ချင်းဆက်လမ်း ဖောက်လုပ်ခဲ့ခြင်း အကျိုးကျေးဇူးကြောင့် ယင်းဒေသရှိ ကျေးလက်နေ ပြည်သူများ၏ဘဝသည် တစ်မဟုတ်ချင်း ပြောင်းလဲနိုင်ခဲ့ပြီဖြစ်သည်။ ကျေးလက်နေပြည်သူများအနက် အချို့သော ပြည်သူများနှင့် ကလေးသူငယ်များ၏ မြင်ကွင်းတွင် မော်တော်ဆိုင်ကယ်၊ မော်တော်ကား မမြင်ဖူးသည့် လူနေမှုဘဝမှ "ဟွန်ဒါ၊ လော့ဂျာ၊ ဂျာလိန်း၊ ဟန်စိန်း၊ လွယ်စိန်း၊ ကန်ဘို၊ ရှန်ဟဲ" စသည့် အရောင်အသွေးစုံလင်သော မော်တော်ဆိုင်ကယ်အမျိုးမျိုးကို မြင်တွေ့လာကြရပြီး ထော်လာဂျီ၊ ဟိုင်းလပ်၊ ဒိုင်နာ၊ တိုယိုတာ၊ ဟီးနိုး၊ ဂျစ် စသည့် မော်တော်ယာဉ်အမျိုးမျိုးကို မြင်တွေ့လာရပြီဖြစ်သည်။ ယခင်က လယ်ယာထွက်ကုန်ပစ္စည်းအမျိုးမျိုးကို လှည်းဖြင့် ညအိပ် ညဥ့်နေ သွားလာကူးသန်းကာ ပို့ဆောင်ရသော လူမှုဘဝမှ ကုန်ပစ္စည်းအမျိုးမျိုး ကူးသန်းရောင်းဝယ်မှုကို ခရိုင်ချင်းဆက်လမ်းပေါ်တွင် မော်တော်ယာဉ်အမျိုးမျိုးပေါ် တင်ဆောင်၍ သွားလိုရာသို့ အချိန်တိုတိုဖြင့် ဥဒဟိုဖြတ်သန်းသယ်ဆောင်နေသည်ကို တွေ့မြင်လာရပြီဖြစ်သည်။

**၁၉၈၈ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ကျေးလက်နှင့်မြို့ပြ လမ်းမိုင် စုစုပေါင်း ၁၃၆၃၅မိုင် ရှိခဲ့ရာမှ တပ်မတော်အစိုးရ လက်ထက်တွင် လမ်းမိုင်စုစုပေါင်း ၁၉၀၄၁မိုင် ရှိလာခဲ့ပြီဖြစ်၍ လမ်းမိုင် ၅၄၀၆ မိုင် တိုးချဲ့ဖောက်လုပ်ပေးနိုင်ခဲ့သည်။**

**ယင်းသို့ မြို့ပြသာမက ကျေးလက်တောရွာအရောက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသဖြင့် ယခုအခါ ကျေးလက်ပြည်သူများ မြို့သို့အရောက်အပေါက်များပြားလာသည်။ မြို့မှဝန်ထမ်း၊ ကုန်သည် ပွဲစား စသည့် အလွှာအသီးသီးတို့သည်လည်း ကျေးလက်ဒေသသို့ အရောက်အပေါက် များပြားလာသည်။ ကျေးလက်လူထုတို့အဖို့ သွားလာဆက်သွယ်မှု လွယ်ကူမှုကြောင့် ပညာရေးအသိ၊ ကျန်းမာရေးအသိ၊ စီးပွားရေးအသိများ တိုးပွားလာကြသည်။ ဗဟုသုတများ တိုးပွားလာကြသည်။ ဆတက်ထမ်းပိုး ပိုမိုတိုးတက်လာတော့မည်။ ယင်းအချက်သည် လူမှုစီးပွားဘဝကို တိုးတက်ပြောင်းလဲစေသော ကျေးလက်လမ်းများကြောင့်ပင်ဖြစ်သည်။**

**ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာသည့် မြင်ကွင်းသည် နိုင်ငံတော်အကြီးအကဲ၏ ကျေးလက်နေ ပြည်သူများအပေါ်ထားရှိသည့် စေတနာပင်ဖြစ်သည်။** သည်မြင်ကွင်းကို မြင်တွေ့ကြရသော ပြည်သူများသည် စာနာစိတ်၊ ကြင်နာစိတ်တို့ဖြင့် မုဒိတာပွားများနိုင်သကဲ့သို့ ခရိုင်ချင်းဆက်လမ်းများကို တည်ဆောက်နေသော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများကလည်း တိုးတက်ပြောင်းလဲ လာသော ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝကို **"ဆတက်ထမ်းပိုး"** တိုးတက်မြင့်မားစေရေးအတွက် လုပ်ခွင့်ရရေး ကြုံကြိုက်ချိန်တွင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရင်း မုဒိတာပွားများ နိုင်ကြပါစေဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ဆင်ပေါင်ဝဲမြို့နယ် ကုန်းဘိုကျေးရွာအနီး ဖရုံချောင်းအား ရေကျော် (ပေ ၇၀၀ x ၁၈ ပေ) တည်ဆောက်ထားစဉ်။**








နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် အထူးခရိုင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှု အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

# နေပြည်တော်အထူးခရိုင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၂၁

**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် စက်တင်ဘာ ၁၆ရက် နံနက် ၈နာရီတွင် နေပြည်တော် တပ်ကုန်းမြို့နယ်၌ကျင်းပသည့် နေပြည်တော်အထူးခရိုင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားသို့ တက်ရောက်သည်။**

**တက်ရောက်**

အခမ်းအနားသို့ တိုင်းမှူး၏ ဇနီး ဒေါ်ဆွေဆွေဦး၊ နေပြည်တော် ပျဉ်းမနားခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။

**ဟောပြောဆွေးနွေး**

ထို့နောက် နေပြည်တော်ပျဉ်းမနားခရိုင် ဆေးရုံကြီးမှ ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာမျိုးမြင့်ကြည်က အစားအစာနှင့် အာဟာရအကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးသည်။

ထို့နောက် နေပြည်တော် တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်က တိုင်းရင်းဆေးပညာ ဦးစီးဌာန တိုင်းရင်းဆေးကုဌာနသို့ ဆေးပဒေသာပင် စိုက်ထူရန် အလှူငွေကျပ်သုံးသိန်းကို ပေးအပ်ရာ တိုင်းရင်းဆေးကုဌာန ဒုတိယ တိုင်းရင်းဆေးမှူး ဦးသန်းထွန်းအောင်က လက်ခံသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီးတို့သည် ခင်းကျင်းပြသထားသည့် အာဟာရပြည့်ဝသော အစားအစာများ၊ ကျန်းမာရေးနှင့် မကိုက်ညီ၍ ရှောင်ကြဉ်သင့်သည့် အစားအစာများနှင့် ချင့်ချိန်၍ စားသုံးသင့်သော အစားအစာများပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့သည် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများအား ဗီတာမင်အားဆေးများ၊ ကိုယ်ဝန်ဆောင်အားတိုးဆေးများ၊ အိုင်အိုဒင်းဆားထုပ်များကို ထောက်ပံ့ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးအတွက် စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိရာ အဖွဲ့ဦးစီးအရာရှိ ကျန်းမာရေးမှူး(၂)နှင့် အဖွဲ့သည် လူမှုရေးအသင်းအဖွဲ့များနှင့်အတူ စစ်ကိုင်းမြို့ပေါ်ရှိ ကျောင်းတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။**

(က-ပ)






# လူမျိုးရေးခွဲခြားမှုကို ဆန့်ကျင် အမေရိကန်တွင် လူမည်းများ ဆန္ဒပြ

**ဂျီနာ(လူဝီစီယားနား) စက်တင်ဘာ ၂၁**

အမေရိကန်အထက်တန်းကျောင်းတစ်ကျောင်းတွင် ခိုက်ရန်ဖြစ်ပွားခဲ့မှုနှင့် ပတ်သက်၍ စွဲချက်တင်ခံရသည့် လူမည်းဆယ်ကျော်သက်ရွယ်လူငယ်ခြောက်ဦးအား တရားမျှတမှုမရှိသော အရေးယူမှုပြုလုပ်ခဲ့ခြင်းအတွက် မကျေမနပ်ဖြစ်နေသည့် လူမည်းသိန်းပေါင်းများစွာသည် လူဝီစီယားနားပြည်နယ် ဂျီနာမြို့တွင် ကြာသပတေးနေ့က စုဝေးကာ ဆန္ဒပြခဲ့ကြကြောင်း ရိုက်တာသတင်း၌ ဖော်ပြသည်။

နယူးယောက်၊ အတ္တလန္တာ၊ လော့စ်အိန်ဂျလိစ်နှင့် နယူးအော်လန်မြို့တို့မှ လူမည်းများသည် ဂျီနာမြို့တွင် ဆန္ဒပြရန် ဘတ်စ်ကားများဖြင့် ရောက်ရှိလာခဲ့ကြသည်။

ယင်းဆန္ဒပြပွဲသည် လူမျိုးရေးခွဲခြားမှုကို ဆန့်ကျင်သည့် အာဖရိကနွယ်ဖွား အမေရိကန်လူမည်းများ၏ လှုပ်ရှားမှုပြယုဂ်ဖြစ်သည်။

နယူးအော်လန်မြို့၏ အနောက်မြောက်ဘက်ရှိ ဂျီနာမြို့တွင် လွန်ခဲ့သည့်နှစ် သြဂုတ်လက အထက်တန်းကျောင်းတစ်ကျောင်း၏ ကျောင်းဝင်းအတွင်း သစ်ပင်တစ်ပင်တွင် ကွင်းလျှောကြိုးကွင်းသုံးကွင်းကို ချိတ်ဆွဲထားရာမှ လူမည်းနှင့်လူဖြူတို့ တင်းမာမှု စတင်ခဲ့ သည်။ ကြိုးကွင်းများ၏အဓိပ္ပာယ်မှာ လူမည်းများအား ကြိုးပေးကွပ်မျက်သည့် အစဉ်အလာရှိကြောင်း သတိပေးလိုခြင်းဖြစ်သည်။

ယင်းမြို့တွင် လူဖြူကျောင်းသားတစ်ဦး အရိုက်ခံခဲ့ရပြီးနောက် လူမည်းလူငယ်များကို ဒီဇင်ဘာလတွင် လက်ရောက်စော်ကားမှုဖြင့် စွဲချက်တင်ခဲ့ပြီး နောက်ပိုင်း၌ လူသတ်ရန် ကြံစည်မှုအထိ စွဲချက်က ကြီးလေးခဲ့သည်။

သို့ရာတွင် ဆန္ဒပြမှုများကြောင့် ကြီးလေးသော စွဲချက်များကို ပြန်လည်လျှော့ချပေးခဲ့သည်။

**အမ်အင်အေ၊ရိုက်တာ**

# သတိပေးနှိုးဆော်ချက်

နေပြည်တော် လမ်းမကြီးများပေါ်တွင် အချို့ယာဉ်မောင်းသူများသည် လမ်းမကြီးများ ကောင်းမွန်ဖြောင့်ဖြူးသည်နှင့်အမျှ သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်ကြကြောင်း တွေ့ရှိရပါသည်။ မိုးရာသီကာလတွင် မြင်ကွင်း ကန့်သတ်ချက်ရှိခြင်းကြောင့် ယာဉ်မတော်တဆမှု အန္တရာယ်များ ဖြစ်ပေါ်လာနိုင် သဖြင့် ယာဉ်မောင်းများအနေဖြင့် သတ်မှတ်အမြန်နှုန်းအတိုင်းသာ မောင်းနှင်ကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

# နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၀၁) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် စက်တင်ဘာ ၂၁**



(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၀၁)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

မြင်းမူမောင်နိုင်မိုး၊ဇော်မင်းမင်းဦး၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ဗိုလ်ချိုမြေမြင့်ဆွေ၊ မကျည်းတန်(လှိုင်ကော်)၊ ချွန်းသာ၊ မောင်တင့်လွင်(ပေါက်)၊ မိုးပန်းမွှန်(ရာမည)၊ ကိုစိုင်းထက်မြက်သိမ်း၊ အောင်ထွန်းလင်း(ချောက်)၊ရွှေမြိုင်ပြုံးလဲ့မော်၊ ပွင့်မွှန်မွှန်သိမ်းတို့၏ အဖွင့်ကဗျာများ။ စောမုံညင်း၊ အုန်းမြင့်(မဟာဝိဇ္ဇာ)၊ ချစ်နိုင်(စိတ်ပညာ)၊ မြင့်သိန်းအောင်၊ ဦးဗကလေး၊ သာနိုင်အောင်(ကျိုက်မရော)၊ နေမျိုးသန့်၊ မောင်ဉာဏ်လင်း(တောင်ကုတ်)၊ သူရိန်ဝင်း(ဇီးကုန်း)၊ ပျော်ဘွယ်မောင်အေး၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ မအေးငြိမ်း(ပခုက္ကူ)၊ ကိုဇော်ဝင်း(လှတော)၊ နီငြိမ်း(အညာတက္ကသိုလ်)၊ ဒေါ်မိမိလေး၊ စေတနာလှိုင်(ရေစကြို)၊ ဇွဲသန်းသျှင်(သုံးဆယ်)၊ ဒေါက်တာလှဖေ၊ တင်အောင်သွင်၊ လယ်တွင်းသားစောချစ်၊ မောင်မောင်ကျော့(ပလက်ဝ)၊ လှမြင့်(ရန်ကုန်တက္ကသိုလ်)၊ တက္ကသိုလ်စိုးယဉ်တို့၏ ဆောင်းပါးများ။ တင်ဝင်း(ပညာရေး)၊ ကိုသက်(ဇီးကုန်း)၊ ဦးစံတင်အောင်(ရွှေဘို)၊ အောင်ခြိမ့်မိုး၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မြမြလှိုင်၊ မောင်ခြိမ့်၊ စစ်ကိုင်းစိမ်းစိမ်း၊ တက္ကသိုလ်ဝင်းမြင့်၊ နေဝန်းနီ၊ တက္ကသိုလ်မောင်သုလှိုင်တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ စာပေအလင်း စာပေသတင်း၊ စာအုပ်စဉ်၊ဗုဒ္ဓစာဥယျာဉ်၊ ကာတွန်းများအပြင် ပုံပြင်များ၊ တောခလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင်၊ စာလက်ဆောင်၊ ကဗျာပန်းရုံရိပ် စသည့် ကဏ္ဍစုံဖြင့် သုတရသစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) စာပေဗိမာန်အဆောက်အအုံ၊ ကုန်သည်လမ်း၊ ရန်ကုန်၊ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်းဆရာအတတ်သင်ရှေ့၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၇၂၅၅၃၀ နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# ဘုရှ်နှင့် ကွန်ဂရက်လွှတ်တော်တို့၏ ဆောင်ရွက်ချက်များ ပြည်သူများ၏ ထောက်ခံမှု စံချိန်တင်ရလောက်အောင် ကျဆင်း

**ဝါရှင်တန် စက်တင်ဘာ ၂၁**

အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်နှင့် ကွန်ဂရက်လွှတ်တော်တို့၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ပြည်သူများ၏ထောက်ခံမှုမှာ စံချိန်တင်ရလောက်အောင် ကျဆင်းလာကြောင်း ရိုက်တာသတင်းဌာနနှင့် ဇော်ဘီစစ်တမ်းကောက်ယူရေးဌာနတို့၏ ပူးတွဲလေ့လာချက်၌ ဖော်ပြထားကြောင်း ယနေ့ရိုက်တာသတင်းတွင် ဖော်ပြသည်။

**စိတ်ကျေနပ်မှုကျဆင်း**

အမေရိကန်နိုင်ငံသားများသည် စီးပွားရေးသောကများနှင့် တွေ့ကြုံခံစားနေချိန်တွင် သမ္မတဘုရှ်နှင့် ကွန်ဂရက်လွှတ်တော်တို့၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ပြည်သူတို့၏ စိတ်ကျေနပ်မှုမှာ ကျဆင်းသွားကြောင်း ယင်းလေ့လာချက်၌ ဖော်ပြထားသည်။

**အဆိုးဆုံးအဆင့်**

သမ္မတဘုရှ်အား ပြည်သူတို့၏ထောက်ခံမှုမှာ ယခုအခါ ၂၉ ရာခိုင်နှုန်းမျှသာ ရှိတော့ကြောင်း၊ မတ်လတွင် ၃၀ရာခိုင်နှုန်းရှိခဲ့ပြီးနောက် အဆိုးဆုံးအဆင့်သို့ ကျဆင်းခြင်းဖြစ်ကြောင်း၊ ကွန်ဂရက်လွှတ်တော်၏ ဆောင်ရွက်ချက်များကို ပြည်သူထောက်ခံမှုမှာမူ ၁၁ရာခိုင်နှုန်းတွင်ရှိကြောင်း၊ ဇူလိုင်လကမူ ၁၄ရာခိုင်နှုန်းရှိခဲ့ကြောင်း လအလိုက် ဖော်ပြသည့် အညွှန်းကိန်းများနှင့်အတူ စစ်တမ်း၌ ဖော်ပြထားသည်။

အမေရိကန်တွင် အိမ်ရာခြံမြေဈေးငွေများနှင့် ပတ်သက်၍ ကြွေးဆုံးပြဿနာများ ပေါ်ပေါက်ခဲ့ပြီးနောက် စီးပွားရေးဆုတ်ယုတ်မှုအခြေအနေနှင့် တွေ့ကြုံနေရကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

**အမ်အင်အေ၊ရိုက်တာ**

# မွန်ပြည်နယ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၁

**မွန်ပြည်နယ် ၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁ ရက်တွင် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမဦးကျင်းပရာ ရှေးဦးစွာ အခမ်းအနားကို အောင်စေပိုင်စေ သီချင်းဖြင့် သီဆိုဖွင့်လှစ်၍ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက အမှာစကားပြောကြားပြီး မွန်ပြည်နယ် ၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ဖဲကြိုးဖြတ်ကာ ဖွင့်လှစ်ပေးသည်။**

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ဧည့်သည်များသည် အကပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။

**နှုတ်ဆက်**

ယင်းနောက် တိုင်းမှူးနှင့်ဇနီးတို့သည် အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင်အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြပြီး အကပြိုင်ပွဲဝင်များအား ဂုဏ်ပြုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် တိုင်းမှူးသည် အဖွဲ့ဝင်များလိုက်ပါ၍ ပညာရေးကောလိပ်၌ ကျင်းပသော အတီးပြိုင်ပွဲကိုလည်းကောင်း၊ မွန်ယဉ်ကျေးမှုပြတိုက်၌ ကျင်းပသည့် အရေးပြိုင်ပွဲကို လည်းကောင်း၊ မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်း ယင်းမာခန်းမ၌ကျင်းပသော အဆိုပြိုင်ပွဲကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲဝင် အနုပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးကာ ဂုဏ်ပြုငွေများကို ပေးအပ်ချီးမြှင့်ပေးကြောင်း သိရှိရသည်။ (သတင်းစဉ်)



**မွန်ပြည်နယ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအပြီး ပြိုင်ပွဲဝင်ပညာရှင်နှင့် ဝါသနာရှင်များအား မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ချီးမြှင့်ငွေများ ပေးအပ်စဉ်။** (၃၀၇)




**မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်သည့် HIV/AIDS, TB, Malaria နှင့် ကူးစက်ရောဂါဖြစ်ပွားမှု တုံ့ပြန်ကာကွယ်တားဆီးရေး အလုပ်ရုံဆွေးနွေးပွဲတွင် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင် အမှာစကားပြောကြားစဉ်။** (ကျန်းမာရေး)

# မြန်မာ-ထိုင်း နှစ်နိုင်ငံ ကူးစက်ရောဂါဖြစ်ပွားမှု တုံ့ပြန်ကာကွယ်တားဆီးရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၁

**မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်သည့်** HIV / AIDS, TB, Malaria **နှင့် ကူးစက်ရောဂါဖြစ်ပွားမှု တုံ့ပြန်ကာကွယ်တားဆီးရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၉ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ** Park Royal Hotel **ခန်းမ၌ ကျင်းပသည်။**

**အမှာစကားပြော**

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Bansarn Bunnag က အဖွင့်အမှာစကား ပြောကြားပြီး ထိုင်းနိုင်ငံပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ ရောဂါနှိမ်နင်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Dr. Thawat Suntrajarn နှင့် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်တို့က အမှာစကားပြောကြားကြသည်။

**ပေးအပ်**

ထို့နောက် ထိုင်းနိုင်ငံမှ ညွှန်ကြားရေးမှူးချုပ် Dr. Thawat Suntrajaun က ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်ထံ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်ကုသရေးအတွက် (ARV) ဆေးများနှင့် ကွန်ဒုံးများကို ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။




**အကြံပြုဆွေးနွေး**

ဆက်လက်၍ မြန်မာ-ထိုင်း နယ်စပ်ဒေသ တစ်လျှောက်တွင်ခုခံကျ/ကာလသားရောဂါ၊ တီဘီ၊ ငှက်ဖျားနှင့်ကူးစက်ရောဂါဖြစ်ပွားမှုကို တုံ့ပြန်ဆောင်ရွက်မှုနှင့်ပတ်သက်၍ လက်ရှိအခြေအနေများကိုလည်းကောင်း၊ လက်ရှိ ဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်ကြရန်ကို လည်းကောင်း အကြံပြုဆွေးနွေးကြသည်။

**ဆက်လက်ကျင်းပ**

အဆိုပါ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၁ရက် အထိ ဆက်လက် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မှော်ဘီမြို့နယ် ပြန်/ဆက်ဦးစီးဌာန နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်များလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၁**

မှော်ဘီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသော နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ နှင့် စာအုပ်လှူဒါန်းပွဲ ကို စက်တင်ဘာ ၇ ရက်က အမှတ်(၂) အထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးမြသိန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဌေးဝင်းက မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးအကြောင်း ဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းအေးက စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအကြောင်း ပြောကြားပြီး ကျေးရွာစာကြည့်တိုက်များအတွက် အလှူရှင်များက စာအုပ်စာစောင်များ လှူဒါန်းရာ တပ်ကြီးကုန်းကျေးရွာ ဦးတိုးမိသားစုက ငွေကျပ် ၂၅၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များ၊ ဆပ်သွားတောကျေးရွာ ရွှေကမ္ဘာစတိုးက ငွေကျပ် ၂၅၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်များနှင့် အထက(၂)မှ လှူဒါန်းသော ငွေကျပ် ၁၇၇၃၀၀ တန်ဖိုးရှိ သုတရသ စာအုပ်မျိုးစုံ ၆၃၁အုပ်ကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်ဦးစီးမှူး ဦးစန်းအေးက လက်ခံယူပြီး **(အပေါ်ယာပုံ)** ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုတင်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ဓာတ်ပုံ၊ နံရံကပ်စာစောင်များကို လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။

(မြို့နယ် ပြန်/ဆက်)

# သန်လျင်မြို့ ကျိုက်ခေးယျို ဂုဏ်ပူဇာဓမ္မသဘင်

**ရန်ကုန် စက်တင်ဘာ ၂၁**

သန်လျင်မြို့ စာတိုက်ကုန်း မဏ္ဍလာရာမကျောင်းတိုက်၊ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဥတ္တရ အရှင်သူမြတ်အား ၂၀၀၇ခုနှစ် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခံရသဖြင့် တပည့်ဒါယကာ၊ ဒါယိကာမများက ထပ်ဆင့်ချီးကျူး ဂုဏ်ပြု ပူဇော်ပွဲတွင် ဓမ္မပူဇာသဘင် ပြုလုပ်မည်ဖြစ်ပါသဖြင့် အောက်တိုဘာ ၃ ရက် ညတွင် သာကေတဆင်ဖြူတောင်ဆရာတော် ဘဒ္ဒန္တ ဂုဏိန္ဒ (သာသနဓဇဓမ္မာစရိယ)က လည်းကောင်း၊ ၄ ရက်ညတွင် အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်နာယကချုပ်ဆရာတော် ဘဒ္ဒန္တ သုစိတ္တာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)က လည်းကောင်း၊ ၅ ရက် ညတွင် အလိုတော်ပြည့်ဆရာတော် ဒေါက်တာ အရိယဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)က လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဟုသိရသည်။ **(က-ပ)**

# မော်လမြိုင်မြို့၌ ရေမီတာတပ်ဆင်မည်

**မော်လမြိုင် စက်တင်ဘာ ၂၁**

မော်လမြိုင်မြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် ရေစုကန်မှ ဖြန့်ဖြူးပေးလျက်ရှိသည့် သောက်သုံးရေ စနစ်တကျသုံးစွဲရေး၊ ပြုန်းတီးမှု နည်းပါးရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရေပိုက်လိုင်းများ သွယ်တန်းထားသည့် အိမ်ပိုင်ရှင်များ၏ ရေပိုက်လိုင်းတွင် လာမည့် အောက်တိုဘာ ပထမပတ်မှ စတင်၍ ရေမီတာများကို တပ်ဆင်ပေးသွားမည်ဖြစ်သည်။

**(မြို့နယ်စည်ပင်)**

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၂-၉-၂၀၀၇ (စနေနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| **၇:၀၀** | ၁။ မြဝတီအဖွင့် |
| **၇:၀၅** | ၂။ အဖွင့်သီချင်း |
| **၇:၁၀** | ၃။ မျိုးချစ်တပ်မတော် |
| **၇:၁၅** | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| **၇:၃၅** | ၅။ မြန်မာသံစဉ်ချိုနားဝင် |
| **၇:၄၀** | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| **၇:၅၀** | ၇။ သာယာသီကြွေးခေတ်ဆန်းတေး |
| **၇:၅၅** | ၈။ အမျိုးသားရေးတေးကဗျာ |
| **၈:၀၀** | ၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| **၈:၁၀** | ၁၀။ အမျိုးသားရေးတေးကဗျာ |
| **၈:၁၅** | ၁၁။ အပိတ်နှုတ်ဆက်စကား |
| **၈:၁၆** | ၁၂။ ပြီးပါပြီ။ |

**နေ့လယ်ပိုင်း**

| | |
|---|---|
| **၁၂:၀၀** | ၁။ မြဝတီအဖွင့် |
| **၁၂:၀၅** | ၂။ အဖွင့်သီချင်း |
| **၁၂:၁၀** | ၃။ မျိုးချစ်တပ်မတော် |
| **၁၂:၂၀** | ၄။ သာယာသီကြွေးခေတ်ဆန်းတေး |
| **၁၂:၂၅** | ၅။ ကျန်းမာသုတ |
| **၁၂:၃၀** | ၆။ **ရုပ်မြင်သံကြားဇာတ်လမ်း - ပျားရည်ဆမ်းတဲ့အနမ်းကဗျာ ဒွေး၊ နန္ဒာလှိုင် (ဒါရိုက်တာ မောင်ဇေဒါ)** |
| **၁:၅၀** | ၇။ အမျိုးသားရေးတေးကဗျာ |
| **၁:၅၅** | ၈။ အပိတ်နှုတ်ဆက်စကား |
| **၂:၀၀** | ၉။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| **၄:၀၀** | ၁။ မြဝတီအဖွင့် |
| **၄:၀၅** | ၂။ အဖွင့်သီချင်း |
| **၄:၁၀** | ၃။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော် |
| **၄:၃၅** | ၄။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ |
| **၅:၃၅** | ၅။ သာယာသီကြွေးခေတ်ဆန်းတေး |
| **၆:၀၀** | ၆။ မြဝတီရုပ်မြင်သံကြားသတင်း |
| **၆:၁၀** | ၇။ နိုင်ငံတကာသတင်း |
| **၆:၃၀** | ၈။ အမျိုးသားရေးတေးကဗျာ |
| **၆:၄၀** | ၉။ လှျပ်တစ်ပြက်ရိုက်ချက် |
| **၆:၄၅** | ၁၀။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ |
| **၇:၀၀** | ၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပုံရိပ်ပမာ (အပိုင်း-၂၄)** |
| **၈:၀၀** | ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၃။ မိုးလေဝသသတင်း |
| | ၁၄။ အမျိုးသားရေးတေးကဗျာ |
| | ၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၁၆။ **၄၃နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုအစီအစဉ် - စိတ်၏စေရာ ၃၀၂ အပိုင်း(၁) သရုပ်ဆောင်-နေတိုး၊ အိန္ဒြာကျော်ဇင်** |
| | ၁၇။ သင့်အတွက်မနက်ဖြန် |
| | ၁၈။ အပိတ်နှုတ်ဆက်စကား |
| | ၁၉။ ပြီးပါပြီ။ |

# မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး အထောက်အကူပြု ရှမ်းမငယ်ရေလှောင်တမံ

**သတင်းဆောင်းပါး၊ ဓာတ်ပုံ**
**ခင်မောင်သန်း(စက်မှု)**

နိုင်ငံတော်က သီးနှံပိုမို ထုတ်လုပ်နိုင်ရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးတို့ကို ရှေးရှု၍ အချိန်တို ကာလအတွင်း ပြီးစီးနိုင်မည့်အသေးစား၊ အလတ်စား ဆည်မြောင်းစီမံကိန်းများကို အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။

မန္တလေးတိုင်း မိတ္ထီလာလွင်ပြင်သည် တစ်နှစ်လျှင် ပျမ်းမျှမိုးရေချိန်လက်မ ၃၀ ခန့်သာ ရွာသွန်းသောကြောင့် မိုးရာသီပင်လျှင် စိုက်ပျိုးရေလုံလောက်စွာ မရရှိသည့်အပြင် နွေရာသီ၌ စိုက်ပျိုးရေအခက်အခဲနှင့် နှစ်စဉ် ကြုံတွေ့နေရပေသည်။

မန္တလေးတိုင်း မိတ္ထီလာမြို့နယ်အတွင်း တည်ဆောက်ထားသော မုန်တိုင်ဆည်၏ ရေသိုလှောင်ပမာဏ လျော့နည်းလာမှုအပေါ် ရေကူပေးနိုင်ရေး အတွက် မုန်တိုင်ဆည်ရေကူပေးရေး စီမံကိန်းပါ "ရှမ်းမငယ်" ရေလှောင်တမံကို အကောင်အထည် ဖော်ခဲ့ခြင်းဖြစ်သည်။

ရှမ်းမငယ် ရေလှောင်တမံ တည်ဆောက်နေသည့် စီမံကိန်းနယ်မြေသို့ မိတ္ထီလာမြို့ရှိ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးညွန့်နှင့်အတူ သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။ အဆိုပါရေလှောင်တမံသည် မိတ္ထီလာ–ကျောက်ပန်းတောင်းလမ်း မိုင်တိုင် ၂၃/၁ မှ မြောက်ဘက် ၁ ဒသမ ၂ မိုင် အကွာ၌ တည်ရှိသည်။ ရှမ်းမငယ်ရေ လှောင်တမံစီမံကိန်းဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇) ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ချစ်နှင့် လက်ထောက် အင်ဂျင်နီယာ ဦးမျိုးညွန့်တို့က လိုက်လံရှင်းလင်းပြသကြသည်။ ရှမ်းမငယ်ရေလှောင်တမံကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇) မိတ္ထီလာမြို့ ညွှန်ကြားရေးမှူးရုံးက တာဝန်ခံတည်ဆောက်သည်ဟု သိရှိရသည်။ စက်မှုပိုင်းဆိုင်ရာ ဒုတိယလက်ထောက် အင်ဂျင်နီယာ ဦးဝင်းနိုင်၊ မြို့ပြဆိုင်ရာ ဒုတိယလက်ထောက် အင်ဂျင်နီယာ ဦးကြည်စိုးနှင့် ဦးကျော်ညွန့်၊ အရည်အသွေးဆိုင်ရာ လက်ထောက်အင်ဂျင်နီယာ ဦးကျော်ဇော်ထွန်းတို့ကလည်း လုပ်ငန်းအလိုက် ရှင်းလင်းပြသကြသည်။

- **နှစ်စဉ်ပျမ်းမျှစီးဝင်ရေ–ကေပေ ၁၂၀၀၀**
- **တမံအမျိုးအစား–မြေသားတမံ**
- **တမံအမြင့်–၈၉ ပေ**
- **တမံအလျား–ပေ ၆၈၀၀**
- **ကန်ရေပြည့် ရေလှောင်ပမာဏ – ကေပေ ၂၁၆၃၀**



**ရှမ်းမငယ် ရေလှောင်တမံ စီမံကိန်းကို တွေ့မြင်ရစဉ်။**

ရှမ်းမငယ်ရေလှောင်တမံ အဓိကတည်ဆောက်ရေးလုပ်ငန်းများဖြစ်သော တမံတည်ဆောက်မှုလုပ်ငန်း၊ ရေထုတ်ပြွန်လုပ်ငန်း၊ ရေပိုလွှဲတည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးနေပြီဖြစ်သည်။

ရှမ်းမငယ် ရေလှောင်တမံတွင် ရေအားလျှပ်စစ်ကီလိုဝပ် ၄၀ စက်နှစ်လုံးတပ်ဆင်ရန် စီစဉ်ထားပြီး ပတ်ဝန်းကျင် ကျေးရွာများသို့ စိုက်ပျိုးရေသာမက လျှပ်စစ်မီးပါပေးနိုင်မည်ဟု သိရှိရသည်။

ရှမ်းမငယ် ရေလှောင်တမံစီမံကိန်းဆိုင်ရာ အချက်အလက်များမှာ–

- **ပိတ်သောချောင်းအမည်–ရှမ်းမငယ်ချောင်း**
- **ရေဆင်းဧရိယာ–စတုရန်းမိုင် ၄၀**
- **နှစ်စဉ်ပျမ်းမျှ မိုးရေချိန်–လက်မ ၃၀**
- **ကန်ရေသေရေလှောင်ပမာဏ – ကေပေ ၅၉၅၀**
- **ကန်ရေပြည့်ရေပြင်ကျယ် – ၁၁၂၉ ဧကဖြစ်ပြီး ရေထုတ်ပြွန်အမျိုးအစားမှာ သံကူကွန်ကရစ် အရွယ်အစား (၃)ပေ၊ အချင်း (၁)ပေါက်၊ အလျား ၁၇၂ ပေ၊ ရေထုစီးနှုန်း ၅၀ ကုဗပေ/စက္ကန့်ဖြစ်ကြောင်း သိရသည်။ ရေလွှဲအမျိုးအစားမှာ သံကူကရစ် အကျယ် ပေ ၃၀ ဖြစ်သည်။**

**ရှင်မငယ်ရေလှောင်တမံဝန်းကျင်တွင် အောင်သာရွာ၊ အတတ်မြင့်ရွာ၊ ဝရုံစုရွာ၊ ရေင့်ရွာနှင့် ဝွေးချိုရွာများ တည်ရှိကြပြီး ယာမြေမှ လယ်မြေဧက ၂၀၀ ပြောင်းလဲမည်ဖြစ်သည်။ ယခင်က နှမ်း၊ ပဲစင်းငုံ၊ ပြောင်းများ စိုက်ပျိုးခဲ့ရာမှ ရှမ်းမငယ် ရေလှောင်တမံမှ စိုက်ပျိုးရေဖြင့် စပါးပါ စိုက်ပျိုးလာနိုင်တော့မည်ဖြစ်၍ တောင်သူများ ဝမ်းသာအားရ ဖြစ်နေကြပေသည်။**

ထို့ပြင် လျှပ်စစ်မီးများပါ ရရှိကြဦးမည်ဖြစ်ရာ ရေ၊ မီး စုံစုံလင်လင်ဖြင့် ဒေသလူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။ ထို့ပြင် မိတ္ထီလာလွင်ပြင် ပတ်ဝန်းကျင် တစ်ခွင်တစ်ပြင် စိမ်းလန်းစိုပြည် သာယာလျက်ရှိမည်မှာ မလွဲဧကန်ပင်ဖြစ်ပါသည်။ ။

**ရှမ်းမငယ်ရေလှောင်တမံ ရေထုတ်မြောင်းကို တွေ့ရစဉ်။**



**မန္တလေးတိုင်း မိတ္ထီလာမြို့နယ်အတွင်း တည်ဆောက်ထားသော မုန်တိုင်ဆည်၏ ရေသိုလှောင်ပမာဏ လျော့နည်းလာမှုအပေါ် ရေကူပေးနိုင်ရေးအတွက် မုန်တိုင်ဆည် ရေကူပေးရေးစီမံကိန်းပါ "ရှမ်းမငယ်" ရေလှောင်တမံကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်။**

---

**စက်တင်ဘာ ၁၅ရက်က အလက(၁၀) မြောက်ဥက္ကလာပ၊ အထက(၂)ခွဲ၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် တက္ကသိုလ်ဝင်တန်း ခြောက်ဘာသာဂုဏ်ထူးရှင် မောင်အားမာန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စောမြဦး ဆုချီးမြှင့်စဉ်။** (ပညာရေး)





**မုဒုံမြို့ ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများအား စက်တင်ဘာ ၁၇ရက်က (၄၆)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်အေး၊ ဇနီး ဒေါ်စန်းစန်းမြင့် မိသားစုက တစ်နေ့တာ အကျွေးအမွေးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းစဉ်။** (ဘိုးဘွားရိပ်သာ)

**စက်တင်ဘာ ၂၀ရက်က စမ်းချောင်းမြို့နယ် အမက(၁၀)တွင် ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေး အစီအစဉ်အရ အလှူရှင် ဦးသိန်းထွန်းအေး–ဒေါ်သန်းသန်းဆွေ၊ သား မောင်ကိုကိုနိုင် Grade(4) က မွေးနေ့အဖြစ် နို့ကြက်ဥကွေကာ တိုက်ကျွေးစဉ်။** (၀၄)



# ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် WCDMA အိတ်ချိန်းစခန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၁

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် စက်တင်ဘာ ၁၅ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ Myamar Info-Tech သို့ ရောက်ရှိပြီး e-National Tesk Force မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ Myanmar Info-Tech မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကွန်ပျူတာသုံး မြန်မာစာစနစ် အကောင်အထည်ဖော်ခြင်းအဖွဲ့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ဝန်ကြီးအား Myanmar lnfo-Tech မှ တာဝန်ရှိပုဂ္ဂိုလ်များက ကွန်ပျူတာသုံး မြန်မာစာစနစ် အကောင်အထည်ဖော်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ e-National Tesk Force မှ တာဝန်ရှိပုဂ္ဂိုလ်များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

ထို့နောက် ဝန်ကြီးသည် ရန်ကုန်မြို့ရှိ Myanmar Teleport သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ဝန်ကြီးသည် Myanmar Teleport အတွင်း တပ်ဆင်ထားသော စက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ထို့နောက် ဝန်ကြီးသည် ရန်ကုန်မြို့၌ တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော WCDMA မိုဘိုင်း တယ်လီဖုန်းစနစ် လိုင်း (၃၀၀၀၀) တပ်ဆင်ခြင်း စီမံကိန်းပါ အလုံမြို့နယ် WCDMA အိတ်ချိန်းရုံးသို့ရောက်ရှိပြီး လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေကို တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် အင်ဂျင်နီယာချုပ် (မိုဘိုင်း) က စီမံကိန်း အကောင်အထည်ဖော် ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေး မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)



# အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတော် တည်ဆောက်ရေး ငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၁

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ၁၆/၃ရပ်ကွက်နေ နှစ်ဖက်သောဘိုးဘွားမိဘများနှင့် ခင်ပွန်းဦးလှအား ရည်စူး၍ ဒေါ်ညွန့်ခင်၊ သားသမီးမြေးတစ်စုတို့က ငွေကျပ် ၂၀၀၀၀၀ကို လှူဒါန်းရာ စေတီတော် ဂေါပကအဖွဲ့ဝင် ဦးအုန်းကြိုင်က လက်ခံရယူသည်။ **(အပေါ်ပုံ)**

**ဆက်သွယ်လှူဒါန်းနိုင်**

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော် ဂေါပကအဖွဲ့ရုံး ဖုန်း-၆၆၀၀၀၆၊ ၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# ဝင်းသူဇာအရောင်းဆိုင် ဖွင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၁**

**အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေနှင့် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်တို့ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။**

(သတင်းစဉ်)



အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝင်းသူဇာ အရောင်းဆိုင်ဖွင့်ပွဲကို စက်တင်ဘာ ၁၇ရက် နံနက်ပိုင်းတွင် ကလောမြို့ ကလောတပ်နယ်ရှိ အရောင်းဆိုင်တည်ရှိရာ၌ ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေနှင့် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်တို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကလောတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဖြိုးက ဝင်းသူဇာ အရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ အရောင်းဆိုင်ကို လှည့်လည် ကြည့်ရှုကြသည်။

အဆိုပါ ဝင်းသူဇာ အရောင်းဆိုင်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော အဝတ်အထည် အမျိုးမျိုး၊ စားသောက်ကုန် ပစ္စည်းအမျိုးမျိုး၊ ဆေးဝါး၊ ဆပ်ပြာ၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းအမျိုးမျိုး၊ ဗလာစာအုပ်၊ ဆပ်ပြာမှုန့်၊ ဆပ်ပြာရည်နှင့် သဘော်ဆေးများ၊ စက်ဘီးအမျိုးမျိုး၊ အပ်ချုပ်စက်၊ ထီးဖိနပ်၊ ကြွေရည်သုတ် ပစ္စည်းမျိုးစုံနှင့် စတီးပစ္စည်းများကို နေ့စဉ် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)


**နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်**

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းမည်။


ကြေးမုံ The Mirror

## ပြည်သူ့ထံမှ ပေးစာ

### စနစ်တကျ အမှိုက်စွန့်ပစ်သိမ်းဆည်းရေး ကြပ်မတ်ပေးပါ

**စာတည်းရှင့်–**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၃) ရပ်ကွက် ဓမ္မာရုံလမ်း၌ ခြံစည်းရိုးခတ်ထားသော ခြံတစ်ခြံ ရှိပါသည်။ ယင်းခြံဝင်းအတွင်းသို့ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်နေသူများကြောင့် အမှိုက်ပုံကြီးဖြစ်လျက်ရှိရာ အနံ့ဆိုးများ ပတ်ဝန်းကျင်သို့ ပျံ့နှံ့နေပါသည်။

ထို့ပြင် ခြံစည်းရိုးလုံခြုံစွာ ခတ်ထားသော်လည်း အမှိုက်ပစ်လိုသူများက ဖျက်ဆီးပြီး သံပန်းတံခါးများပါဖြုတ်ယူနေကြပါသဖြင့် သင့်တော်ရာနေရာ၌ အမှိုက်စွန့်ပစ် သိမ်းယူနိုင်ရေး ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရန်ကင်းသူ**

### ရေကြည်ရေသန့်သုံးစွဲလို

**စာတည်းခင်ဗျား–**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သမာဓိလမ်း၊ သီလလမ်း ၁၁/၁၂လမ်းများရှိ ဂျိုးဖြူပိုက်မှ ရေများသည် မိုးဦးကျမိုးရွာသွန်းချိန်မှစ၍ ရေနောက်များဝင်နေပါသဖြင့် သောက်သုံး၍ပင် မရပါ။ မိုးတွင်းကာလမှာပင် ရေဝယ်သုံးနေရပါသဖြင့် သန့်ရှင်းသော ရေကြည်ရေသန့် သုံးစွဲနိုင်ရေးဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ဥက္ကလာသား**

### စင်တင်တေးဂီတစားသောက်ဆိုင်မှ ဆူညံမှုတားဆီးပေးစေချင်

**စာတည်းခင်ဗျား–**

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဇဝနရပ်ကွက် သုမင်္ဂလာလမ်း အမှတ် (၃) သရက်တောမှတ်တိုင်အနီးရှိ စားသောက်ဆိုင် တစ်ဆိုင်မှ ညစဉ် မူးယစ်သောက်စား အော်ဟစ်သီဆိုသံများ၊ လက်ခုပ်သံများ၊ အချိန်မတော် ကားဟွန်းသံများကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ စားသောက်ဆိုင်အား လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သားတစ်ဦး**

### ညှော်နံ့ကြောင့် ကျန်းမာရေးထိခိုက်နေ

**စာတည်းရှင့်–**

ဧရာဝတီတိုင်း ဝါးခယ်မမြို့ ရေကျော်ရပ်ကွက် မြို့မလမ်းရှိ နေအိမ်တစ်အိမ်တွင် ငါးဖယ်မုန့် အကြော်မုန့်များ လုပ်ကိုင်နေပါသည်။ ထို့အပြင် ဆေးရုံရပ်ကွက် မြို့မလမ်းတွင် အီကြာကွေး အကြော်မုန့် အမျိုးမျိုးကြော်ခြင်း၊ ဆေးရုံလမ်း ရေကန်ကြီးဘေးတို့တွင် အသားကင်ခြင်း၊ ကြော်လှော်ခြင်းများကို နံနက်မှစ၍ ညပိုင်းအထိ လုပ်ကိုင်လျက်ရှိရာ ညှော်နံ့ကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေး ထိခိုက်နေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အကြော်လုပ်ငန်းများမှ ညှော်နံ့ကင်းရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ဝါးခယ်မသူ**

### ပြည်သူ့ထံမှပေးစာပေးပို့လိုပါလျှင်

**ပြည်သူ့ထံမှပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးသူ၏ အမည်၊ နိုင်ငံသားစိစစ် ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း(မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။**

### ဟံသာရိပ်မွန်အိမ်ရာ ခွေးဟောင်သံဆူညံ

**စာတည်းရှင့်–**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာရိပ်မွန်အိမ်ရာ ကွမ်းခြံ(၂)လမ်း တိုက်(၁) သုံးလွှာ(ယာဘက်) အခန်းတစ်ခန်းတွင် ခွေးများကို ငါးကောင်ထက်မနည်း မွေးထားရာ ခွေးဟောင်သံများ၊ အနံ့အသက်ဆိုးများ၊ ခွေးလှေးခွေးသန်း ကိုက်ခံရခြင်းများကြောင့် တိုက်ခန်းနေသူများ စိတ်အနှောင့်အယှက်ဖြစ်ကြရသည့်အပြင် အများသုံး ရေလှောင်ကန်နှင့် နီးကပ်နေပါသဖြင့် ကျန်းမာရေးထိခိုက်နိုင်ပါသည်။

သို့ဖြစ်ပါ၍ လူနေတိုက်ခန်းတွင် ခွေးမွေးထားခြင်းကို တားဆီးဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**တိုက်ခန်းနေသူများ**

### အသားရေထိုး အလေးချိန် မပြည့်

**စာတည်းရှင့်–**

မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ယင်းတော်ဈေးကြီးနှင့် ယင်းတော်ရွာမဈေးလေး၌ အမဲသားရောင်းသူများသည် အသားများကို ရေထိုးရောင်းချလျက်ရှိသည့်အပြင် အလေးချိန်လည်းမပြည့်ပါ။

သို့ဖြစ်ပါ၍ အဆိုပါ အမဲသားရောင်းချနေသူများအား ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ဈေးဝယ်သူများ**

### ကျူးကျော်ခြံစည်းရိုးများနှင့် ဆိုင်များဖယ်ရှားပေးစေချင်

**စာတည်းခင်ဗျား–**

အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် မင်းစေတီလမ်းပေါ်တွင် နေအိမ်ခြံစည်းရိုးအချို့ ကျူးကျော်ကာရံထားခြင်း၊ ဈေးဆိုင်များရောင်းချနေခြင်းတို့ကြောင့် လမ်းမှာတဖြည်းဖြည်း ကျဉ်းမြောင်းလာပြီး ကားများဝင်ထွက်သွားလာရန်ပင် အခက်အခဲရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကျူးကျော်ခြံစည်းရိုးများနှင့် ဈေးဆိုင်များအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**မင်းစေတီလမ်းသား**

### ကျူးကျော်အဆောက်အအုံဖယ်ရှားပြီး

၂၃-၆-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ကမာရွတ်မြို့နယ် အမှတ် (၁)ရပ်ကွက် ဇေယျာသီရိလမ်း တိုက်အမှတ်(၈၂) **တိုက်နောက်လမ်းကြားမှ ကျူးကျော်အဆောက်အအုံ ဖယ်ရှားစေလို** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဖယ်ရှားပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

**မြို့တော်စည်ပင်**

### သစ်ခွဲ ထင်းဖြတ် လွှစက်များ ရှင်းလင်းပြီး

၁၁-၈-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ရေတာရှည်မြို့နယ် သာဂရဘုတာအနီးမှ **သစ်ခွဲ၊ ထင်းဖြတ်၊ လွှစက်သံဆူညံ** ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်**

### မြို့အင်္ဂါရပ်နှင့်ညီညွတ်စေရေး ဆောင်ရွက်ပြီးစီး

၂၅-၈-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မအူပင်မြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်းမြစ်ကမ်းဘက် **မြို့အင်္ဂါရပ်နှင့် ညီညွတ်စေချင်** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်**

# တိုင်းမှူး ဗိုလ်ချုပ်သာအေး မုံရွာမြို့အဝင် ဗိုလ်ချုပ်လမ်းမကြီး လေးလမ်းသွားဖောက်လုပ်မှု ကြည့်ရှု ပြည်ထောင်စုလမ်း ကတ္တရာခင်းကျင်းမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီပြီးစီးရေး မှာကြား

နေပြည်တော် စက်တင်ဘာ ၂၁

**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်ပိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ကမ်းနားလမ်းတစ်လျှောက်ရှိ ရေထိန်းတံခါးများ၊ ရေကင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ ပုဂ္ဂလိကလုပ်ငန်း အမြန်ရေယာဉ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။**

ထိုမှတစ်ဆင့် တိုင်းမှူးသည် စစ်ကိုင်းတိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ ဖောက်လုပ်လျက်ရှိသော မုံရွာမြို့အဝင် ဗိုလ်ချုပ်လမ်းမကြီးအား လေးလမ်းသွား အပြိုင်ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် မုံရွာမြို့ မဟာဗောဓိတစ်ထောင် ကျောင်းဝင်းအတွင်း လေးကျွန်းစကြာ ရုပ်တော်မူဘုရားကြီး တည်ထားပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် စစ်ကိုင်းတိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသောပြည်ထောင်စုလမ်း ကတ္တရာခင်းကျင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်း တင်ပြချက်များအပေါ် တိုင်းမှူးက လမ်းရေရှည် တည်တံ့ခိုင်မြဲရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေးတို့ကို မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက် ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်

နေပြည်တော် စက်တင်ဘာ ၂၁

**ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလား ပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် လေဖိအား နည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။** (သတင်းစဉ်)

## မြစ်ရေကြီးမှု အခြေအနေထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၂၁**

ဧရာဝတီမြစ်ရေသည် ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ညောင်ဦးမြို့၌ ၂၁၇၈ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက်၌ ၅၈ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ် ရေမှတ် စင်တီမီတာ ၂၁၂၀ အောက်သို့ ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ယနေ့ နံနက် ၆ နာရီခွဲတိုင်းထွာချက်များအရ မင်းဘူးမြို့၌ စင်တီမီတာ ၁၇၉၀၊ မကွေးမြို့၌ စင်တီမီတာ ၁၇၈၀ နှင့် အောင်လံမြို့၌ ၂၅၅၆ စင်တီမီတာသို့ အသီးသီး ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက်၌ မင်းဘူးမြို့၌ စင်တီမီတာ ၉၀၊ မကွေးမြို့၌ စင်တီမီတာ ၈၀ နှင့် အောင်လံမြို့၌ ၆ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း မင်းဘူးမြို့နှင့် မကွေးမြို့တို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၇၀၀နှင့်အောင်လံမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၂၅၅၀ အထက်တွင် ဆက်လက် တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)



## ရေ၊ မီး စုံစုံလင်လင်ဖြင့် ဒေသလူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်

"ယခင်က နှမ်း၊ ပဲစင်းငုံနှင့်ပြောင်း စိုက်ပျိုးခဲ့ရာမှ ရှမ်းမငယ် ရေလှောင်တမံမှ စိုက်ပျိုးရေဖြင့် စပါးပါစိုက်ပျိုးလာနိုင်တော့မည်ဖြစ်၍ တောင်သူများ ဝမ်းသာအားရ ဖြစ်နေကြပေသည်။ ထို့ပြင် လျှပ်စစ်မီးပါ ရရှိကြဦးမည်ဖြစ်ရာ ရေ၊ မီး စုံစုံလင်လင်ဖြင့် ဒေသလူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။"

**သတင်းဆောင်းပါး၊ ဓာတ်ပုံ–ခင်မောင်သန်း(စက်မှု)၏ *"မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး အထောက်အကူပြု ရှမ်းမငယ်ရေလှောင်တမံ"***

**(ဆောင်းပါး) စာမျက်နှာ–၁၁**